သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၉)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ ကျောက်မျက်ရတနာလုပ်ငန်းရှင်တစ်ဦးက ပေးအပ်ထားသည့် အမတေကဲ့သို့ အလွန်ထူးခြားသည့် ကျောက်မျက်ရတနာနှစ်တုံးကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောက်မျက်ရတနာပြတိုက်၌ ပြသထားရန် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်၊ လာအိုနှင့်ကမ္ဘောဒီးယားနိုင်ငံများသို့ မကြာမီ ချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် တို့၏ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)



ကချင်ပြည်နယ် ဖားကန့်ရတနာနယ်မြေမှရရှိသော ကျောက်သားအတွင်း လှုပ်ရှားလျက်ရှိသည့် အရည်ဝင်နေပြီး အမတေကဲ့သို့ အလွန်ထူးခြားသော ကျောက်မျက်ရတနာကိုတွေ့ရစဉ်။ (သတင်းစဉ်)

အမတေကဲ့သို့ အလွန်ထူးခြားသည့် ကျောက်မျက်ရတနာနှစ်တုံး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုင်ငံတော်သို့ လွှဲပြောင်းပေးအပ် ကျောက်သားအတွင်းလှုပ်ရှားလျက်ရှိသည့် အရည်ဝင်နေပြီး အလွန်ထူးခြား ကချင်ပြည်နယ် ဖားကန့်ရတနာနယ်မြေမှရရှိသော ကျောက်မျက်ရတနာဖြစ်

ရန်ကုန် ဩဂုတ် ၆

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း

"ယနေ့ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ ဒီမိုကရေစီကို အခြားနိုင်ငံများကျင့်သုံးလာအောင် ဘယ်နိုင်ငံကမှ အတင်းအဓမ္မ သွတ်သွင်းပိုင်ခွင့် မရှိကြောင်း။ ဒီမိုကရေစီကို ကမ္ဘာတစ်ဝန်းမှာ ကျယ်ကျယ်ပြန့်ပြန့် ခေတ်စားလာစေချင်လျှင် သက်ဆိုင်ရာနိုင်ငံတို့အနေဖြင့် မိမိတို့ဆန္ဒနှင့် မိမိတို့လိုလိုလားလား ကျင့်သုံး ဖော်ဆောင်ချင်လာအောင် တိုက်တွန်းအားပေးခြင်း၊ ပညာပေးခြင်းများ ပြုသင့်ကြောင်း။ နိုင်ငံတကာ သံရေး၊ တမန်ရေးလောက၌ ဗိုလ်ကျစိုးမိုးမှုအင်အားပြ၍ နိုင်ငံရေးကစားမှု၊ ဩဇာအာဏာပေးမှုများဖြင့် ဒီမိုကရေစီကို အတင်းအဓမ္မ သွတ်သွင်းကျင့်သုံးစေတာမျိုးကိုတော့ ရှောင်ကြဉ်သင့်ကြောင်း"

အောင်မိုးစံ၏ "နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းဖော်တွန်း(၇)" ဆောင်းပါး၊ စာ-၁၀

ကျင်းပခဲ့သော အမျိုးသားညီလာခံဆောင်ရွက်ချက်များ မှတ်တမ်းတင် လာမည့်အမျိုးသားညီလာခံတွင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေး

ရန်ကုန် ဩဂုတ် ၆

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၂၀/၂၀၀၄)ကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်

စာမျက်နှာ ၇ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

ကျေးလက်ဒေသများအားလုံး မျှတစွာဖွံ့ဖြိုးရေး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

ယခင်ကပူပြင်းခြောက်သွေ့သည့် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ရေရှား ပါးမှု၊ သစ်တောပြုန်းတီးမှုနှင့် စိုက်ပျိုးရေးမဖြစ်ထွန်းမှုများ ကြုံတွေ့ခဲ့ရသည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်ပေးမှုကြောင့် ယခုအခါဒေသအတွင်း စိမ်းလန်းစိုပြည်လာပြီ ဖြစ်သည်။ သစ်တောကြိုးဝိုင်းများ ထူထောင်မှု၊ ကြိုးပြင်ကာကွယ်တောများ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို ပီပီပြင်ပြင် ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ဒေသအတွင်းရာသီဥတုပြောင်းလဲကောင်းမွန်လာမည်ဖြစ်သည်။

အဆိုပါဒေသသည် ပူပြင်းခြောက်သွေ့သော အပူပိုင်းဒေသဖြစ်သည့်အလျောက် ဒေသအတွင်း အစိုဓာတ် ရရှိရေးအတွက် သစ်တောစိုက်ခင်း ထူထောင်ရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်သည်နှင့်အမျှ စိုက်ပျိုးရေးဖြစ်ထွန်းလာမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ်လ ၅ ရက်နေ့ နံနက်ပိုင်းက မကွေးတိုင်း ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဆိုင်ရာများကို တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ပံ့ပိုးပေးသင့်သည်များကို ပံ့ပိုးဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် –

"ရေစကြိုမြို့နယ်သို့ ပခန်းကြီး၊ ပခန်းငယ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် လာရောက်ခဲ့ ချိန်မှစတင်၍ မကြာခဏရောက်ရှိခဲ့ပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မှုများကိုကူညီပံ့ပိုး ပေးခဲ့ပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဒေသအတွင်း မြစ်ရေတင်စီမံကိန်းများအမြောက် အမြား တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ဒေသ၏စိုက်ပျိုးရေး လုပ်ငန်းများလည်း များစွာတိုးတက် မြင့်မားလာခဲ့ပြီဖြစ်ကြောင်း၊ သို့သော် ဒေသရိက္ခာဖူလုံမှု မရှိသေးသဖြင့် ရိက္ခာဖူလုံရေးကို ရည်မှန်းချက် ထားပြီး စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့သွားရန်လိုကြောင်း"

မှာကြားခဲ့သည်။

စပါးအထွက်တိုးပြီး ဒေသဝမ်းစာဖူလုံရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ခြောက်သွေ့ပြီး ရေနည်းပါးသည့် မြေလတ်ပိုင်းဒေသနှင့် ကိုက်ညီသော အထွက်တိုးစပါးမျိုးသစ်များ ပြောင်းလဲစိုက်ပျိုး နိုင်စေရန် သုတေသနပြု ဖော်ထုတ်ပေးပြီး တောင်သူလယ်သမားများကို ဦးဆောင်မှုပေးရန် လိုပေသည်။

အဆိုပါဒေသအတွင်း ပဲအမျိုးမျိုးအပါအဝင် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့်အပြင် မကွေး တိုင်းကို နိုင်ငံတော်၏ဆီအိုးကြီးအဖြစ် သတ်မှတ်ထားသည်။ ထို့ကြောင့် နိုင်ငံတော်အတွက်ရော တောင်သူများအတွက်ပါအကျိုးဖြစ်ထွန်းစေသည့် ပဲအမျိုးမျိုးကို အရှိန်အဟုန်တိုးမြှင့်စိုက်ပျိုး ထုတ်လုပ် သွားကြရမည်ဖြစ်သည်။ မွေးမြူရေးကဏ္ဍတွင်လည်း ဝက်၊ ဆိတ်၊ သိုး၊ နွား စသည့် ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများကိုရွေးချယ်ပြီး စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်စေရန် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနက စံပြမွေးမြူရေးခြံ ထူထောင်ပေးမှုအပါအဝင် ကူညီအားပေးမှုများ ဆောင်ရွက်ပေးသွားရန် လိုပေသည်။

ယခုအချိန်အခါတွင် မြို့ပြများ ဖွံ့ဖြိုးတိုးတက်မှု အရှိန်ရစပြုနေပြီဖြစ်သည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသအတွင်းရှိ စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းများ၏အား၊ နိုင်ငံတော် အစိုးရဌာနဆိုင်ရာများ၏အားများပေါင်းစပ်ပြီး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မိမိဒေသအတွင်း အစွန်အဖျားကျေးရွာများအပါအဝင် ကျေးလက်ဒေသများအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက အခြေခံဒေသ များဖြစ်သော ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီးလိုအပ်သည်များ ဦးဆောင်ပံ့ပိုးပညာပေးဆောင် ရွက်ပေးခြင်းအားဖြင့် မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဌာနဆိုင်ရာများအားလုံးက စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြော

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ဟောပြောရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်း၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် လုပ်ငန်း အဖွဲ့ဝင်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေး ပုဂ္ဂိုလ် ဒေါ်မေကြည်စိန်၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဇနီးဒေါက်တာ စန္ဒာအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ နှင့် ၎င်းတို့၏ ဇနီးများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်များမှ အမျိုးသမီးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း၅၆၀တက်ရောက်ကြ သည်။

ရှင်းလင်းပွဲတွင် ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ရည်ရွယ်ချက်(၇)ချက်၊ ဖွဲ့စည်းပုံအဆင့်ဆင့်၊ လုပ်ငန်းအဖွဲ့(၁၆)ဖွဲ့၏ လုပ်ငန်းတာဝန်များ၊ အဖွဲ့ချုပ်၏မွန်မြတ်သောရည်ရွယ်ချက် များအောင်မြင်ရေး အတွက် အမျိုးသမီးများ ဆန္ဒအလျောက် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရေး ဆွေးနွေးပြောကြား သည်။

ပေးအပ်

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၏ဇနီးအပြည်ပြည်ဆိုင်ရာဆက်သွယ်ရေး လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်မေကြည်စိန်က မြန်မာ နိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အတွက် ဝန်ကြီးဌာန၏ လှူဒါန်း ငွေကျပ်တစ်သိန်းကို ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေး ဝင်းထံပေးအပ်ပြီး ဟော ပြောပွဲကို ရုပ်သိမ်း လိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း နှစ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ နှစ်လည်အစည်းအဝေး (၂/၂)ကို ဩဂုတ် ၁၄ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက်ရှိ ဘက်စုံခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။ အစည်းအဝေး တွင် "National Library Management System Software" စာတမ်းကို ဦးကျော်ဦးနှင့် အဖွဲ့က လည်းကောင်း၊ "Myanmar e-book အခြေအနေ" စာတမ်းကို ဒေါ်နီနီအေးက လည်းကောင်း ဖတ်ကြားတင်သွင်းကြ မည်ဖြစ်ရာ အသင်းသူအသင်းသား အားလုံး တက်ရောက်ကြရန် ဖိတ်ကြား ထားကြောင်း သိရသည်။

(က–ပ)

မိတ္ထီလာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဝါတွင်းတရားစခန်းများ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကျောင်းသစ်ကျောင်း မိုးကုတ် ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ် (၁၂၉)၏ ဝါတွင်း တရားစခန်းပွဲကို ၁၃၆၆ခု ဝါခေါင်လဆန်း ၁ ရက်မှ ၇ ရက် တစ်ကြိမ်၊ တော်သလင်းလဆန်း ၁ ရက်မှ ၇ ရက် တစ်ကြိမ်၊ သီတင်းကျွတ်လဆန်း ၁ ရက်မှ ၇ ရက် တစ်ကြိမ် အသီးသီး ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲများကို ရိပ်သာ ပဓာနနာယက ကျောင်းသစ်ကျောင်းဆရာတော် မိတ္ထီလာ ဆရာတော်ဘဒ္ဒန္တ ပညာစာရက ကျေးဇူးရှင် မိုးကုတ် ဆရာတော် ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း–၀၆၄–၂၂၁၆၅သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၇–၈–၂၀၀၄(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတတရားတော် **"ရှည်လျားတဲ့ ဘဝသံသရာ"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Total Debtars Account and Total Creditors Account (ဒုတိယနှစ်–စီးပွား/စီမံ)
၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း–၁၃)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားတဲ့သမား"** (အပိုင်း–၂၈)

မိုးရာသီကျန်းမာရေးပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၆

ကျောက်တံတားမြို့နယ် မိုးရာသီ ကျန်းမာရေး အသိပညာပေး ဟောပြော ပွဲကို ဇူလိုင် ၂၁ ရက်က ကျောက် တံတားမြို့နယ် ၃၉ လမ်းရှိ အမှတ်(၁) အလယ်တန်းကျောင်း၌ ကျင်းပရာ ဒေါက်တာ ခင်ရဲတင့်က သွေးလွန် တုပ်ကွေး ကြိုတင်ကာကွယ်ရေး ဆိုင်ရာနှင့် ပတ်သက်၍ လည်းကောင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းမှ ဒေါက်တာသန်းသန်း အောင်က ငှက်ဖျားရောဂါကာကွယ် ပြုစုရေး ဆိုင်ရာများကိုလည်းကောင်း အသိ ပညာပေး ဟောပြောကြသည်။

(အပေါ်ပုံ) (က–ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

❐ ရှေ့ဖုံးမှ

အဆိုပါ အစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိုင်ငံတော်က ကျောက်မျက်ရတနာလုပ်ငန်းမှ ဝင်ငွေရရှိမှုအခြေအနေ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲများမှ ဝင်ငွေရရှိမှုအခြေအနေ၊ ၂၀၀၄ခုနှစ် ကျောက်စိမ်း ကျောက်မျက် အထူးရောင်းချပွဲ ဝင်ငွေရရှိမှုအခြေအနေ၊ ၂၀၀၄–၂၀၀၅ခုနှစ်ဝင်ငွေနှင့်အသုံးစရိတ်အချိုး၊ နိုင်ငံတော်နှင့်ပုဂ္ဂလိကအကျိုးတူကျောက်မျက်ရတနာလုပ်ငန်းများ အခြေအနေအပါအဝင် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းက ကျောက်မျက်ရတနာနယ်မြေများအတွင်း သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များ၏ အခြေအနေ၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကျောက်စိမ်း ကျောက်မျက်လုပ်ကွက်များ တူးဖော်ခွင့်ပြုနေမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြီး ကျောက်မျက်ရတနာလုပ်ငန်းမှ နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိရေး၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့နှင့်စပ်လျဉ်း၍ မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်တစ်ဦးက ပေးအပ်ထားသည့် အမတေကဲ့သို့အလွန်ထူးခြားသည့် ကျောက်မျက်ရတနာနှစ်တုံးကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်သို့ လွှဲပြောင်းပေးအပ်ရာ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က လက်ခံသည်။

ဖားကန့်ရတနာမြေမှရရှိ

အဆိုပါ ထူးခြားသော ကျောက်မျက်ရတနာမှာ ကျောက်သားအတွင်း လှုပ်ရှားလျက်ရှိသည့် အရည်ဝင်နေပြီး အမတေကဲ့သို့အလွန်ထူးခြားသော ကျောက်မျက်ရတနာဖြစ်ပြီး ကချင်ပြည်နယ် ဖားကန့်ရတနာနယ်မြေမှရရှိကြောင်း သိရှိရသည်။

အဆိုပါ ကျောက်မျက်ရတနာကို အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် ထိန်းသိမ်းပြသထားမည်ဟု သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်(အဖိတ်နေ့)
၇–၈–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အကပဒေသာ
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၂၀ ၇။ ရန်ကုန်တိုင်း မဟူရာ ရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammer made Easy

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း–၁၅)
၁၄:၁၀ ၇။ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း သုတေသနနှင့်မျိုးပွားခြံ (မုဒုံမြို့)
၁၄:၂၀ ၈။ **"နိုင်ငံသားကောင်းဟူသည်"** ဋ္ဌေးဝင်း၊ မြင့်ဝေ၊ သန်းဝင်း၊ ကျော်ရှိန်၊ တင်တင်အိ၊ တင်မို့မို့အေး (ဒါရိုက်တာ–ဋ္ဌေးဝင်း)
၁၄:၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၄၅ ၁၀။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အမှတ်(၃)အခြေခံပညာဦးစီးဌာန ၂၀၀၃ခုနှစ် ပညာရေးစုံညီပွဲတော် (ဗဟိုအဆင့်) ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ (တတိယဆု)(အထက–၁၊ကျောက်တန်း) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၇:၁၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒ အထူးပြု) (ရူပဗေဒ)
၁၇:၂၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
၁၇:၄၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၁၀ ၉။ မြန်မာစာ မြန်မာစကား
၁၈:၂၀ ၁၀။ တေးဂီတအစဉ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ Discovery
၁၉:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း–၃)
၁၉:၄၅ ၁၅။ "စန္ဒကူးနံ့သာကျောင်းတော်ရာစေတီ" (ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်း)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသော အချစ်"** (အပိုင်း–၁၃)

ကချင်ပြည်နယ်မြစ်ရေကြီးမှု ငွေကျပ်သိန်း ၁၀၀ လှူဒါန်း ဝန်ကြီးဗိုလ်ချုပ်စိန်ထွား လက်ခံရယူ၍ဂုဏ်ပြုလွှာပေးအပ်

ရန်ကုန် ဩဂုတ် ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဘုရင့်နောင်လမ်း ခြံအမှတ်(၄၄)နေ ဦးကျန်ပေါ(Mingalar Sawandi Company Limited)က ကချင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် မြစ်ရေကြီးမှုအတွက် အလှူငွေ ကျပ်သိန်း ၁၀၀ကို ယနေ့နံနက် ၁၀နာရီတွင် မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်း စွယ်တော်မြတ်စေတီအနီးရှိ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်ပေးအပ်လှူဒါန်းသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် ဦးကျန်ပေါက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အလှူငွေများကို ပေးအပ်ရာ ဝန်ကြီးကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

ခေတ်ဟောင်းတေးသီချင်းစာအုပ်များ ထုတ်ဝေရောင်းချ

ရန်ကုန် ဩဂုတ် ၆

တေးရေးပညာရှင်ကြီးများ၏ခေတ်ဟောင်းတေးသီချင်းများ အတွဲ(၇) စာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေလိုက်ပြီဖြစ်သည်။

တစ်ခေတ်တစ်ခါကပြည်သူများ၏ နှလုံးဘဝင်ကို အမှတ်ထင်ထင် ရိုက်ခတ်စေခဲ့ပြီး အောင်မြင်ကျော်ကြားလူကြိုက်များခဲ့သည့် ရှားပါးသော တေးသီချင်းများဖြစ်သည်။ အဆိုပါ စာအုပ်တွင် တစ်ချိန်က တေးရေးပညာရှင်ကြီး ၂၆ဦးတို့ ရေးဖွဲ့သီကုံးထားခဲ့သည့် တေးသီချင်းပုဒ်ရေ ၁၀၀ ပါဝင်သည်။

ယခုအတွဲ(၇)အပါအဝင် ယခင်ထုတ်ဝေခဲ့သည့် အတွဲ ၃/၅/၆တို့ကိုလည်း တစ်အုပ်လျှင်ကျပ် ၃၅၀နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်တွင် လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တွင်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်လည်းကောင်း ဝယ်ယူရရှိနိုင်သည်။

စာအုပ်အရောင်းကိုယ်စားလှယ်များလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညွှန်ကြားရေးမှူးချုပ် ဆိပ်ကမ်းနယ်မြေစစ်ဆေး

ရန်ကုန် ဩဂုတ် ၆

အလုပ်သမားဝန်ကြီးဌာန ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးယုလွင်အောင်နှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၈နာရီတွင် လမ်းမတော်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး လက်အောက်ရှိ ဌာနခွဲ(၂) (ဆိပ်ကမ်းနယ်မြေ)မှ အလုပ်သမားများ၊ တောင်ပိုင်းဇုန် နယ်မြေမှူး ဦးကျင်ရှိန်၊ လမ်းမတော်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး ဦးစီးအရာရှိ ဦးထွန်းရှန်၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး ငါးမြို့နယ်မှ ဦးစီးအရာရှိများ၊ ကြီးကြပ်ရေးမှူးများနှင့် အလုပ်သမားများအား တွေ့ဆုံမှာကြားပြီး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မေတ္တာရည်စူး ကြည်နူးမွေးမေ

✧ မိခင်ဝမ်းမှ / ကျွတ်စချိန်ခါ
နာရီဝက်တွင်း / မယွင်းစေရာ
နို့ဦးရည်များ / တိုက်ကျွေးမှန်စွာ
ခြောက်လအထိ / မွေးမိနို့ချည်းသာ။

✧ တိုက်ပါလေက / နေ့ညနှစ်ထွေ
ရောဂါဘယ / ကင်းပစင်ပေ
လုံခြုံစိတ်ချ / ဘဝအခြေ
အာဟာရ / ပြည့်ဝမှန်မသွေ။

✧ မေတ္တာရည်စူး / ကြည်နူးမွေးမေ
ရင်သွေးငယ်အား / တိုက်ကြားနို့ရည်
ပေးလေရင်နှစ် / စိတ်ချစ်ထွေထွေ
ဝေကာမျှ / ဘဝပီတိတွေ။

✧ နို့ချိုစို့ရ / ခြောက်လပြည့်လာ
ကျွေးမှာဖြည့်စွက် / အစာဖက်ကာ
ဆက်သာတိုက်ရစ် / နှစ်နှစ်ကျော်ရာ
လျော်ပါဘိ / မြတ်မိနို့မဟာ။ ။

သိန်း(ဦး)

ဩဂုတ် ၅ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၂၁ဦးရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၆

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ်လ ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး၊ ဒဏ်ရာရလျက်ရှိကြသည်။

ကြေညာ

၂၀၀၄ ခုနှစ် ဩဂုတ်၅ရက် ကြာသပတေးနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၂၁ ဦးရှိပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။

သေဆုံး

ယင်းအနက် ၆၈၄ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး၊ ၂၃၇ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၁ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ခုနစ်ဦး၊ ယူကရိန်း လေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၇၈၃ ဦးဖြစ်ပြီး၊ ယင်းအနက် ၅၇၅ ဦးမှာ တိုက်ပွဲ၌ သေဆုံး၍ ၂၀၈ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ကြောင်း မလေးရှားနိုင်ငံဝန်ကြီးချုပ် ဘာဒါဝီ ပြောကြား

ကွာလာလမ်ပူ ဩဂုတ် ၅

ယခုအချိန်အခါတွင် အီရတ်သို့ မလေးရှားနိုင်ငံက တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ကြောင်း မလေးရှား ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

စဉ်းစား

အခြေအနေကို ခေတ္တစောင့်ကြည့်ရန်မှာ ပိုကောင်းကြောင်း သတင်းစာရှင်းပွဲ၌ ၎င်းကပြောကြားသည်။ ယခုအခါ၌ တပ်ဖွဲ့ဝင်များကို မိမိတို့ မစေလွှတ်ဘဲ ဆော်ဒီအာရေဗျနိုင်ငံ၏ အဆိုကို မိမိတို့စဉ်းစားနေကြောင်း အစ္စလမ္မစ်ညီလာခံဥက္ကဋ္ဌလည်းဖြစ်သော ဘာဒါဝီက ပြောကြားသည်။

အဆိုပြု

ဆော်ဒီအာရေဗျနိုင်ငံက အီရတ်နိုင်ငံငြိမ်းချမ်းရေးပြန်ရဖို့အတွက် အာရပ်နှင့် အစ္စလမ္မစ်တပ်ဖွဲ့ဝင်များကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ နေရာ၌ အစားထိုးရန် လွန်ခဲ့သည့်လတွင် အဆိုပြုခဲ့သည်။ အီရတ်နိုင်ငံအနေဖြင့် နိုင်ငံခြားသိမ်းပိုက်မှုအောက်တွင်ရှိပြီး ကုလသမဂ္ဂ၏ တိကျရှင်းလင်းသော အမိန့်အာဏာမရမချင်း အီရတ်သို့ အာရပ်တပ်များ မသွားသင့်ကြောင်း အာရပ်အဖွဲ့ချုပ်က ပြောကြားထားသည်။

အမ်အင်အေ၊ရိုက်တာ

လုံခြုံရေးစောင့်ကြပ်

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး အရပ်တွင် အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ်ပြောက်ကျားများ လုံခြုံရေးစောင့်ကြပ်နေသည်ကို ဩဂုတ် ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီဓားစာခံနှစ်ဦး ပြန်လည်လွှတ်မြောက်လာ

ဒူဘိုင်း ဩဂုတ် ၅

အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းထားခြင်းခံနေရသော တူရကီကားမောင်းသမားနှစ်ဦးအား ခုခံတိုက်ခိုက်ရေးပြောက်ကျားများက လွှတ်ပေးလိုက်ပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ကုမ္ပဏီများက အီရတ်တွင် အလုပ်လုပ်ကိုင်မှုကို ရပ်ဆိုင်းရန်သဘောတူခဲ့ခြင်းကြောင့် ဖြစ်ကြောင်း အယ်လ်ဂျာဇီရာရုပ်မြင်သံကြားဌာနက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

ထုတ်လွှင့်

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များအား ထောက်ပံ့မှုများ ပို့ဆောင်ရေးကို ရပ်ဆိုင်းရန် တူရကီ၏ခိုင်မာသော ဆုံးဖြတ်ချက်ကြောင့် ပြောက်ကျားအုပ်စုက တူရကီဓားစာခံနှစ်ဦးကို လွှတ်ပေးရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း အဆိုပါအုပ်စု၏ ဗီဒီယိုတိပ်ခွေဖြင့် ထုတ်လွှင့်ကြေညာချက်ကို အာရပ်ဘာသာစကားဖြင့် ထုတ်လွှင့်သည့် ရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည်။

အမေရိကန်တပ်ဖွဲ့များနှင့် အီရတ်ကြားဖြတ်အစိုးရအား ပံ့ပိုးနေသည့် တပ်ဖွဲ့များနှင့် ကုမ္ပဏီများ အီရတ်မှ ထွက်ခွာရန် ရည်ရွယ်လျက်ပြန်ပေးဆွဲမှုများကို စစ်ဆင်ရေးတစ်ရပ်သဖွယ် အီရတ်ခုခံ တိုက်ခိုက်ရေးပြောက်ကျားများက လုပ်ဆောင်လျက်ရှိသည်။

အီရတ်တွင် လက်နက်ကိုင်ခုခံရေးသမားအုပ်စုက ပြန်ပေးဆွဲထားသော ဓားစာခံများအနက် အချို့မှာလွတ်မြောက်လာခဲ့သော်လည်း အနည်းဆုံး တူရကီတစ်ဦးအပါအဝင် ကိုးဦးမှာ အသတ်ခံခဲ့ကြရသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဒါဖာပဋိပက္ခပြီးဆုံးရန် အနောက်အုပ်စု ဝင်စွက်ဖက်မည့်ကိစ္စ ဆူဒန်နိုင်ငံသား ထောင်ပေါင်း များစွာ ချီတက်ဆန္ဒပြ

ခါတွမ် ဩဂုတ် ၅

ဒါဖာ၌ဖြစ်ပွားသော ပဋိပက္ခအကျပ်အတည်းပြီးဆုံးရေးအတွက် အနောက်အုပ်စုက ဝင်ရောက်စွက်ဖက်ခြင်းကို ဆူဒန်နိုင်ငံသား တစ်သိန်းကျော်က ခါတွမ်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်ရှေ့တွင် ယမန်နေ့က ချီတက်ဆန္ဒပြခဲ့ကြသည်။

၁၇လကြာမျှ ဒါဖာ၌ ဖြစ်ပွားခဲ့သော ပဋိပက္ခမှုအဆုံးသတ်သွားရန် အတွက် အကယ်၍ နိုင်ငံခြားတပ်များက ဆူဒန်နိုင်ငံထဲသို့ ဝင်ရောက်ကြမည်ဆိုလျှင် ဆူဒန်နိုင်ငံသည် အာဖဂန်နစ္စတန် သို့မဟုတ် အီရတ်ကဲ့သို့ စစ်မြေပြင်ဖြစ်သွားနိုင်ကြောင်း ဆန္ဒပြသူများက သတိပေးခဲ့ကြသည်။

သေတွင်းဖြစ်ပွား

အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံပြီးလျှင် ဆူဒန်နိုင်ငံသည် သင်တို့အတွက် တတိယမြောက် သေတွင်းဖြစ်ပွားလိမ့်မည်ဆိုသော အဓိပ္ပာယ်ဖြစ်ကြောင်း ဆူဒန်အာဏာရပါတီမှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သော မိုဟာမက်အလီအဗ္ဗဒူလာက ပြောကြားသည်။

ရင်ဆိုင်ဝံ့

အမေရိကန်တို့ကို ရင်ဆိုင်ဝံ့သော ရဲရင့်သူများ ဆူဒန်နိုင်ငံ၌ရှိကြောင်းလည်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

နေရာယူ

ဘာဆရာမြို့တွင် အီရတ်လက်နက်ကိုင် ခုခံရေးသမားများနှင့် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားစဉ် ပြန်လည်ပစ်ခတ်ရန် နေရာယူထားသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဩဂုတ်၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ခရီးသည်တစ်ဦး ရုတ်တရက် နှလုံးရောဂါ ဆိုးရွားလေယာဉ်ကို အရေးပေါ်နောက်ကြောင်းပြန်လှည့်

ရှန်ယန်း ဩဂုတ် ၄

ဆောက်သ်သင်းလေကြောင်းလိုင်း လေယာဉ် တစ်စင်းသည် ဆိုးလ်မြို့သို့ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်း၌ ပျံသန်းလာစဉ် ကိုရီးယားအမျိုးသားတစ်ဦး နှလုံးရောဂါ ရုတ်တရက်ဖောက်လာသဖြင့် တရုတ်အရှေ့မြောက်ပိုင်းပြည်နယ် လီယွန်းနင်း၏မြို့တော် ရှန်ယန်းသို့အရေးပေါ်ပြန်လှည့် ဆင်းသက်ခဲ့ရကြောင်း ဒေသလေဆိပ်က ပြောသည်။

လွှဲပြောင်း

ခရီးသည်နှင့်လေယာဉ် အမှုထမ်း ၂၅၅ ဦး လိုက်ပါခဲ့သည့် အဲယားဘတ်စ် ၃၀၀လေယာဉ်သည် နံနက် ၉ နာရီ ၄၅မိနစ်ခန့်တွင် တာအိုဆင်နိုင်ငံတကာ လေဆိပ်သို့ ဘေးကင်းစွာဆင်းသက်နိုင်ခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံမှ အသက် ၅၂နှစ်ရှိ ကင်မ်အင်ကီအား ချက်ချင်းပင် ရှန်ယန်း စစ်ဒေသကွပ်ကဲ ရေးဆေးရုံသို့ လွှဲပြောင်းပေးလိုက်ကြောင်း ဒေသလေဆိပ်က ပြောသည်။

နံနက် ၁၀နာရီ ၃၃ မိနစ်ခန့်တွင် လေယာဉ်သည် တစ်ဖန်ပျံတက်ခဲ့ရာ၌ ခရီးသွားအုပ်စု တစ်စုနှင့်အတူ တရုတ်ပြည်သို့ လာခဲ့သော ကင်မ်သည် အရေးပေါ် ပြုစုကုသမှုခံယူပြီးနောက် ဆေးရုံ၌ ကျန်ရစ်ခဲ့ကြောင်း လေကြောင်းလိုင်းက ပြောသည်။ ဆောက်သ်သင်းလေကြောင်းလိုင်းသည် ခရီးသည်များ အဆင်ပြေစွာ သွားလာနိုင်ရေး ဦးစားပေး လျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာ သတင်းများ

ပြန်ပေးသမားတို့ခြိမ်းခြောက်တောင်းဆိုမှုများကြောင့် ကန်၏အပေါင်းပါနိုင်ငံအချို့ အီရတ်မှရုပ်သိမ်းလျက်ရှိ

ဘဂ္ဂဒက် ဩဂုတ် ၄

ပြန်ပေးသမားတို့၏ ခြိမ်းခြောက်တောင်းဆိုမှုများကြောင့် ကန်၏အပေါင်းပါနိုင်ငံအချို့ အီရတ်မှ ပြန်လည်ရုပ်သိမ်းလျက်ရှိရာ အီရတ်တွင် အမေရိကန်တို့ကို ပိုပြီးအထီးကျန်လာစေလျက်ရှိသည်။ အမေရိကန်တို့အား ကူညီထောက်ပံ့မှုပြုသည့် မည်သည့်နိုင်ငံကိုမဆို သွေးချောင်းစီးစေမည့်စစ်ပွဲများ ဆင်နွှဲမည်ဟု အယ်ကိုင်ဒါအဖွဲ့၏ ဖော်ပြချက်တစ်ရပ်မှာ ပါရှိသည်။

အီရတ်နိုင်ငံ၌ ပြီးခဲ့သော ဧပြီလ အစပိုင်းမှစတင်ပြီး ပြန်ပေးသမားတို့ သတ်ပစ်ခဲ့သည့် ပြည်ပနိုင်ငံသား ဓားစာခံ ရှစ်ဦးရှိသွားပြီဖြစ်ကာ နောက်ဆုံးသတ်ခံရသူမှာ တနင်္လာနေ့က သတ်ဖြတ်ခြင်းခံခဲ့ရသော တူရကီယာဉ်မောင်း ဓားစာခံဖြစ်သည်။

ယခုတိုင် လွတ်မလာသေးသည့် ကျန်တူရကီဓားစာခံနှစ်ဦး၏ ကံကြမ္မာအတွက်လည်း သက်ဆိုင်ရာက စိုးရိမ်မကင်းဖြစ်လျက်ရှိကာ တူရကီထရပ်ကားမောင်းသမားများက အီရတ်နိုင်ငံသို့ သယ်ယူပို့ဆောင်ခြင်းပြုရန် ငြင်းဆန်နေကြပြီဖြစ်သည်။ ပြန်ပေးသမားတို့၏လုပ်ရပ်ကြောင့် ဂျော်ဒန်ကုမ္ပဏီတစ်ခုက အီရတ်၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု ရပ်ဆိုင်းရန် ဆုံးဖြတ်လိုက်ပြီဖြစ်သည်။ **(စီအက်ဖ်အိုင်)**

ကယ်ကွတ်မှတူရကီနိုင်ငံ ဇီအန်းသို့ပို့သည့် ရေနံပိုက်လိုင်း ဗုံးဖောက်ခွဲတိုက်ခိုက်ခံရ၍ ရေနံတင်ပို့မှုများ ရပ်ဆိုင်း

ကယ်ကွတ် ဩဂုတ် ၄

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်ရေနံမြေမှ တူရကီနိုင်ငံ ဇီအန်းဆိပ်ကမ်းသို့ ရေနံတင်ပို့သည့် အဓိကကျသော ရေနံပိုက်လိုင်းတွင်း ဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှု ဖြစ်ပွားခဲ့သည်။

အဆိုပါဗုံးခွဲတိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံ မြောက်ပိုင်းမှ ရေနံတင်ပို့မှုများ ရပ်ဆိုင်းသွားခဲ့ကြောင်း ကာတာအခြေစိုက် အယ်ဂျာဇီယာ ရုပ်သံမှ သတင်းပေးပို့သည်။ ကယ်ကွတ်မြို့ အနောက်ဖက်ပိုင်းရှိ ရေနံမြေမှာ နံနက်စောစောပိုင်း ၆ နာရီခန့်တွင် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ကာ မီးခိုးလုံးကြီးများတက်လာခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် တူရကီနိုင်ငံ ဇီအန်းသို့ ရေနံတင်ပို့သည့် အဓိကကျသော ပိုက်လိုင်းကြီးပျက်စီးခဲ့သည်။ အီရတ်နိုင်ငံတွင် ရေနံပိုက်လိုင်းများအား ဖျက်ဆီးတိုက်ခိုက်ခံရခြင်း မကြာခဏဖြစ်ပွားလျက်ရှိကာ အဆိုပါဖြစ်ရပ်များကြောင့် အီရတ်ရေနံတင်ပို့မှုတွင် ဒေါ်လာတစ်ဘီလျံ ကျော်ဖိုးခန့် ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရသည်။ **(စီစီတီဗွီ)**

ဖမ်းဆီး

အီရတ်နိုင်ငံတွင် ဖမ်းဆီးထားခြင်းခံရသော ဂျော်ဒန် ဓားစာခံလေးဦးကို ဩဂုတ် ၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂွမ်တာနာမိုရှိ အကျဉ်းသားများအား ကန်တို့ ညှဉ်းပန်းနှိပ်စက်ပုံ ရိုက်ကူးထားသော ဗီဒီယိုတိပ်ခွေလွှဲအပ်ရန် တောင်းဆို

လန်ဒန် ဩဂုတ် ၄

အကျဉ်းစခန်း၌ ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရသည်ဆိုသော ဗြိတိသျှလူမျိုး အထိန်းသိမ်းခံရသူတစ်ဦးက အကျဉ်းသားများအား အမေရိကန်တို့ညှဉ်းပန်းနှိပ်စက်ပုံကို ရိုက်ကူးထားသော ဗီဒီယိုတိပ်ခွေကို လွှဲပြောင်းပေးအပ်ရန် အမေရိကန်အစိုးရအား အင်္ဂါနေ့က တောင်းဆိုလိုက်သည်။ ၎င်းသည် ကျူးဘားရှိ ဂွမ်တာနာမို အကျဉ်းစခန်း၌ ထိန်းသိမ်းခြင်းခံခဲ့ရသူ ဖြစ်သည်။

ယခင်က လန်ဒန်၌ အိမ်စောင့်အလုပ်လုပ်ခဲ့သူ တာရက်ခ်ဒါဂူလ်ဆိုသူက ဂွမ်တာနာမိုရှိ အကျဉ်းခန်း အစောင့်များသည် မိမိအား ထိုးကြိတ်ရိုက်နှက်ပြီး ညစ်ညမ်းသည့် မဂ္ဂဇင်းဓာတ်ပုံများကို အတင်းကြည့်ခိုင်းခဲ့ကြောင်း၊ မိမိအား ကြမ်းပေါ်၌ လှဲခိုင်းပြီး အပေါ်မှတက်ခုန်ခဲ့ကြောင်း၊ ထိုသို့နှိပ်စက် ခံရမှုကြောင့် သတိမေ့မျောခဲ့ရကြောင်း ပြောဆိုသည်။ ၎င်းသည် မတ်လထဲ၌ အကျဉ်းစခန်းမှ လွတ်မြောက်လာခဲ့သည်။

ဂွမ်တာနာမို အကျဉ်းစခန်းမှူးက ယင်းကိစ္စကို အတည်ပြုထား သည့်အတွက် ဗီဒီယိုတိပ်ခွေများရှိကြောင်း မိမိတို့သိထားသည်ဟု ဒါဂူလ်၏ရှေ့နေက ပြောကြားသည်။

ဗြိတိသျှအစိုးရအနေဖြင့် အမေရိကန်အစိုးရ ပြောစကားအပေါ် ယုံကြည် စိတ်ချခြင်းမရှိဘဲ ဗီဒီယိုတိပ်ခွေများကိုကြည့်ရန် အရေးကြီးကြောင်း ရှေ့နေ လူဝစ်ခရစ္စတင်းက ပြောကြားသည်။

ဗြိတိသျှ အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်သည်ဆိုသော စွပ်စွဲချက်များကို နိုင်ငံခြားရေးရုံးအရာရှိများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဗြိတိသျှအင်ဒီပင်းဒင့်သတင်းစာက တနင်္ဂနွေနေ့၌ သတင်းဖော်ပြခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်တွင် လမ်းဘေးဗုံးကွဲ၍ ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး ဖော်လူဂျာ၌လည်း တိုက်ခိုက်မှုများကြောင့်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၄

ဘဂ္ဂဒက်မြို့၌ ပြီးခဲ့သည့်တနင်္လာ နေ့က လမ်းဘေးဗုံးပေါက်ကွဲ မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ဖော်လူဂျာမြို့၌လည်း တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

အီရတ်နိုင်ငံတစ်ဝန်း၌ တိုက်ခိုက်မှုများကြောင့် အသက်ပေါင်းများစွာ သေဆုံးခဲ့ရသည့်အပြင် အီရတ်နိုင်ငံအတွက် အရေးပါသော ရေနံပိုက်လိုင်းများလည်း ဖျက်ဆီးခံရသည်။

သေဆုံး

အီရတ်နိုင်ငံ၌ ပြီးခဲ့သော ၂၄ နာရီအတွင်း အသေခံ ဗုံးခွဲတိုက်ခိုက်မှုများ လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုများ၊သေနတ်ပစ်ခတ်မှုများကြောင့် အီရတ်လူမျိုး ၁၀ဦး သေဆုံးခဲ့ရသည်။

ဤအတောအတွင်း တစ်နေ့လျှင် ရေနံစည် နှစ်သိန်းငါးသောင်း ပေးပို့နေသော ကယ်ကွတ်မြို့မှ တူရကီသို့ ဆက်သွယ်ထားသည်။ ရေနံပိုက်လိုင်း ပေါက်ကွဲ မီးလောင်ခဲ့ရာ အမြန်ပြင်ဆင်နေကြောင်း သိရသည်။

သတိပေး

နာဂျက်ဖ်မြို့၌ ယခုအခါ အခြေအနေ ငြိမ်သက်နေပြီး ဘဂ္ဂဒက်မြို့၌ အယ်လ်ဆာဒါကို ထောက်ခံသူများက လက်နက်များကိုင်ဆောင်ပြီး မူတာဒါး အယ်လ်ဆာဒါ အနီးမှ အမေရိကန် ဦးဆောင်တပ်ဖွဲ့ဝင်များ ထွက်ခွာသွားရန် သတိပေးခဲ့ကြသည်။

တိုက်ပွဲဖြစ်

အယ်ဆာဒါ၏ ပြောရေးဆိုခွင့်ရှိသူက အမေရိကန် တပ်ဖွဲ့ဝင်များ အယ်လ်ဆာဒါ၏ အိမ်ကိုဝိုင်းရံပိတ်ဆို့ထားရာမှ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အယ်လ်ဆာဒါ တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

ဘေးလွတ်ရာ ထွက်ပြေး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေးနေကြသည်ကို ဩဂုတ် ၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အကျဉ်းသားများအားနှိပ်စက်သည့် ကန်တပ်ဖွဲ့ဝင်အမျိုးသမီး စွဲချက် ၁၃ ခု ရင်ဆိုင်ရမည်

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံ၏ အဘူဂါရိပ်အကျဉ်းထောင်အတွင်း အကျဉ်းသားများ နှိပ်စက်မှု၌ ပါဝင်သောအမေရိကန်အရန်တပ်ဖွဲ့ဝင်အမျိုးသမီးအသက်၂၁ နှစ်အရွယ်ရှိ လင်ဒီအင်္ဂလန်အား စစ်ခုံရုံးတင် တရားစွဲရန်ကိစ္စအပေါ် အမေရိကန်စစ်ဘက်ဆိုင်ရာက မြောက်ကယ်လိုလိုင်းနားတွင် ကြားနာစစ်ဆေးလျက်ရှိသည်။ ဖမ်းဆီးထိန်းသိမ်းထားသူများအား မတရားပြုမူခဲ့မှုအပါအဝင် စွဲချက် ၁၃ ခုကို ၎င်းရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရှိရသည်။ အဘူဂါရိပ် အကျဉ်းထောင်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များက အကျဉ်းသားများအား မတရားအကြမ်းဖက် ပြုမူဆက်ဆံသည့် ရုပ်ပုံများသည် ကမ္ဘာအနှံ့ ထွက်ပေါ်လာခဲ့ပြီးနောက် စစ်ခုံရုံးတင်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ **(စီအင်န်အင်န်)**

ကုန်သွယ်ရေးဆက်ဆံမှု ပိုမိုကောင်းမွန်ရေး အိန္ဒိယနှင့် တရုတ်တွန်းအားပေး

နယူးဒေလီ ဩဂုတ် ၄

အိန္ဒိယနှင့်တရုတ်နိုင်ငံတို့၏ စီးပွားရေး အလားအလာများနှင့် စပ်လျဉ်း၍ ဘဏ်လုပ်ငန်းဖြင့် ပိုမိုကောင်းမွန်သော ကုန်သွယ်ရေးဆက်ဆံမှုများ ပြုလုပ်သွားရန် အိန္ဒိယနှင့်တရုတ်နိုင်ငံတို့က အင်္ဂါနေ့တွင် စတင်၍တွန်းအားပေးလုပ်ဆောင်ခဲ့ကြသည်။

ပြောကြား

လာမည့်နှစ်အနည်းငယ်အတွင်း၌ နှစ်နိုင်ငံကုန်သွယ်မှုပမာဏ လျင်မြန်စွာ တိုးတက်စေရန်ကန့်သတ်ထားကြောင်း အိန္ဒိယသို့ အလည်ရောက်ရှိနေသည့် တရုတ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရှောင်ကျိဝေက ပြောကြားသည်။ တရုတ်အစိုးရသည် အိန္ဒိယနိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလွန်အရေးပါကြောင်း သဘောရသည်ဟု ရှောင်ကျိဝေက ပြောကြားသည်။

လျာထား

ယခုနှစ်၏ ပထမငါးလအတွင်း နှစ်နိုင်ငံကုန်သွယ်မှုသည် ဒေါ်လာ ၅ ဒသမ ၄၅ဘီလီယံထိရှိခဲ့ပြီး ၂၀၀၄ ကုန်ဆုံးချိန်၌ သတ်မှတ်လျာထားချက် ဒေါ်လာ ၁၀ ဘီလီယံကို ကျော်သွားဖွယ်ရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

နဝင်္ဂဥပေါသထကိုးပါးသီလ မြန်မာ့ရုပ်မြင်သံကြားမှ ဟောကြားချီးမြှင့်တော်မူမည်

ရန်ကုန် ဩဂုတ် ၆

၂၀၀၄ ခုနှစ် ဩဂုတ် ၈ ရက်(တနင်္ဂနွေနေ့)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသက နဝင်္ဂဥပေါသထ ကိုးပါးသီလ တရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်း အစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ကြည့်ရှုစစ်ဆေး

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ရွှေပြည်သာ စက်မှုဇုန်ရှိ Fair Sun Co., Ltd. က ထုတ်လုပ်လျက်ရှိသော မော်တော်ယာဉ်သုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

☆ *ကျောဖုံးမှ*

မိမိတို့ကုမ္ပဏီ၏ စက်ရုံတွင် Foundry Shop နှင့် Machine Shop ဟူ၍ အလုပ်ရုံနှစ်ရုံ ခွဲခြားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ခေတ်မီသံရည်ကျို နည်းစနစ်ဖြင့် လိုအပ်သော စက်ပစ္စည်းများကို ပုံလောင်းပေးသွားမည်ဖြစ်ပြီး စက်ပစ္စည်းများကို အရည်အသွေးမီ တိကျသေချာစေရန်နှင့် မြန်ဆန်စေရန် Computerized Numerical Control(CNC) စနစ် အသုံးပြု၍ ထုတ်လုပ်ပေးသွားမည် ဖြစ်ပါကြောင်း၊ CNCစနစ်မှ ပိုမိုခေတ်မီသော Direct Numerical Control (DNC) စနစ်ကို အသုံးပြုနိုင်ရန်လည်း ကြိုးပမ်းလျက်ရှိပါကြောင်း ဖြင့်ရှင်းလင်းတင်ပြသည်။

စက်ပစ္စည်းနမူနာတင်ပြ

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များအား ဒေါက်တာဖေခင်က ခေတ်မီ Machine များအသုံးပြု၍ Cover Gear Shift, Tool and Cutter, Oil Pump, Water Pump Housing, Leaf Spring Bracket စသည့် တီအီးမော်တော်ယာဉ်သုံးစက်ပစ္စည်းအမျိုးမျိုးနမူနာ ထုတ်လုပ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် CNC Machine ဖြင့် 'မို'တစ်ခု ခုတ်စားနေမှုကိုကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ခေတ်မီစက်ပစ္စည်းများတပ်ဆင်ပြီးစီးမှုနှင့်မော်တော်ယာဉ်သုံးပစ္စည်းများထုတ်လုပ်နေမှုများကိုလည်းကောင်း၊ 'မို' ပြုလုပ်မည့် သဲသန့်စင်ကိရိယာ Dust Collector ထုတ်လုပ်ထားမှုများကိုလည်းကောင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အားပေးစကားပြောကြား

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် Foundry Shopတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သံထည်ပစ္စည်းကိုင်တွယ်မှု အဆင့်အတန်းမြင့်လာသည်နှင့်အမျှ စက်ကိရိယာပစ္စည်းများကို လိုအပ်သလို ထုတ်လုပ်လာနိုင်ခြင်း၊ ခေတ်မီကွန်ပျူတာသုံးစက်ကိရိယာများဖြင့် အရည်အသွေးမီစက်ပစ္စည်းများကို တိကျစွာ ခုတ်စားနိုင်ခြင်းတို့ကို လေ့လာတွေ့ရှိရ၍ ပုဂ္ဂလိက စက်မှုလုပ်ငန်း၏ အနာဂတ်တိုးတက်မှု အလားအလာကို ခန့်မှန်းနိုင်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ တီထွင်ကြံဆနိုင်မှု၊ ကျွမ်းကျင်တတ်သိမှုတို့ကို နိုင်ငံတော်က တန်ဖိုးထားပါကြောင်းဖြင့် အားပေးစကားပြောကြားသည်။

တင်ပို့ရောင်းချရန်စီစဉ်

Fair Sun Co.,Ltd.ပိုင် စက်ရုံက ခေတ်မီ သံရည်ကျိုစက်နှင့် ပုံလောင်း၊ ပုံထောင်းနှင့် ခုတ်စားကိရိယာများ အသုံးပြု၍ တီအီးကုန်တင်မော်တော်ယာဉ်သုံး စက်အပိုပစ္စည်း ၁၂မျိုး ထုတ်လုပ်လျက်ရှိပြီး နောင်တွင် Casting Parts , Machining Parts နှင့် အခြားမော်တော်ယာဉ်အပိုပစ္စည်းများကို ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ တင်ပို့ရောင်းချနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆန်စပါးနှစ်အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် ကျင်းပရေးလုပ်ငန်းကော်မတီက ဆန်စပါးနှစ်အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲစည်းကမ်းများကို ယနေ့ထုတ်ပြန်လိုက်သည်။

ခွဲခြားထား

ပြိုင်ပွဲ၏ခေါင်းစဉ်မှာ "ဘဝအတွက် ဆန်သည်အသက်" (Rice is Life) ဖြစ်ပြီး ပြိုင်ပွဲကို အသက်အလိုက် အဆင့်ငါးဆင့် ခွဲခြားထားသည်။ အဆင့်(၁)တွင် ၆ နှစ်မှ ၉ နှစ်အောက် (ပြိုင်ပွဲကျင်းပသည့်နေ့တွင် ၉ နှစ် မပြည့်သေးသူ)၊ အဆင့်(၂)တွင် ၉ နှစ်မှ ၁၂ နှစ်အောက်၊ အဆင့်(၃) တွင် ၁၃ နှစ်မှ ၁၆ နှစ်အောက်၊ အဆင့်(၄)တွင် ၁၆ နှစ်မှ ၂၀နှစ်အောက်၊ အဆင့်(၅)တွင် ၂၀ နှစ်နှင့်အထက် အလွတ်တန်းဟူ၍ ခွဲခြားထားသည်။

အဆင့်(၁)မှ(၄)အထိ ပြည်နယ်နှင့်တိုင်းအလိုက် ဩဂုတ် ၂၃ ရက်တွင် သတ်မှတ်စုရပ် တစ်နေရာ၌ လက်တွေ့ယှဉ်ပြိုင်ရေးဆွဲကြရမည်ဖြစ်ပြီး အဆင့်(၅) အလွတ်တန်းပြိုင်ပွဲအတွက် မိမိအိမ်တွင် စိတ်ကြိုက်ရေးဆွဲကာ ဩဂုတ် ၂၄ ရက်အရောက် ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများနှင့် ပြိုင်ပွဲဆိုင်ရာအကြောင်းအရာအချက်အလက်များကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးများမှရယူပြီး ရန်ကုန်တိုင်းမှ ယှဉ်ပြိုင်သူများအတွက် ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ရုံးခန်း၌ရယူကာ ဩဂုတ် ၁၇ ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာ တင်သွင်းကြရမည်ဖြစ်သည်။

လက်တွေ့ယှဉ်ပြိုင်

ပိုစတာကို နှစ်သက်ရာရေးဆွဲနည်း စနစ်ဖြင့် ရေးဆွဲနိုင်ပြီး အဆင့်(၁)မှ အဆင့်(၄)အထိ ပြိုင်ပွဲကြီးကြပ်အဖွဲ့က ထုတ်ပေးသော ၁၅ လက်မ x လက်မ ၂၀ အရွယ် သတ်မှတ်စက္ကူဖြင့်သာ လက်တွေ့ လေးနာရီ ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး အဆင့်(၅) အလွတ်တန်းမှာ လက်မ ၂၀ x လက်မ ၃၀ အရွယ် ကြိုက်နှစ်သက်ရာ စက္ကူပေါ်တွင် ရေးဆွဲ၍ ယှဉ်ပြိုင်ကြရမည်။

ပြိုင်ပွဲဆုရသူများကို သတင်းစာတွင်ကြေညာမည်ဖြစ်ပြီး ဆုများကို ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဦးကြည်ဝင်း ဖုန်း–၅၅၈၃၂၀၊၂၄၀၉၆၆ လိုင်းခွဲ ၇၀၆ နှင့် ၇၀၇၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ကွယ်လွန်သူမစ္စတာအာတူရိုအမ်တိုလန်တီနိုးအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် အမှတ်(၅၀) ဆရာစံလမ်း ဗဟန်းမြို့နယ်ရှိ ဖိလစ်ပိုင်သံရုံးသို့ သွားရောက်၍ ကွယ်လွန်သူ ဖိလစ်ပိုင်အထက်လွှတ်တော် ဥက္ကဋ္ဌဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာအာတူရိုအမ်တိုလန်တီနိုးအတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌစာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များတက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

မှတ်တမ်းတင်

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၀၄ခုနှစ် ဇူလိုင်၉ရက်တွင် အမျိုးသားညီလာခံက ဆောင်ရွက်ရမည့်ကဏ္ဍတစ်ရပ်ပြီးစီး၍ ညီလာခံရပ်နားခဲ့ပြီးနောက် ဆက်လက်ဆောင်ရွက်ရန် ရှိသည့်ကိစ္စရပ်များကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအနေဖြင့်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊အမျိုးသားညီလာခံတွင် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့(ရှစ်)ဖွဲ့တို့က တင်ပြခဲ့သည့်စာတမ်းများကို အမျိုးသားညီလာခံသဘာပတိအဖွဲ့ အနေဖြင့် ညှိနှိုင်းပေါင်းစပ်ပြီး အခြေခံမူများချမှတ်နိုင်ရေးဆောင်ရွက်ရန်ရှိရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက လိုအပ်သလို ကူညီဆောင်ရွက်ပေးသွားရန် ဖြစ်ကြောင်း။

၂၀၀၄ခုနှစ် မေ ၁၇ ရက်မှ ဇူလိုင် ၉ရက်အထိကျင်းပခဲ့သော အမျိုးသားညီလာခံ၏ ဆောင်ရွက်ချက်များကို အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အနေဖြင့် အစီရင်ခံစာတစ်စောင်ပြုစုပြီး မှတ်တမ်းတင်ထားရမည်ဖြစ်ကြောင်း။

တစ်ဖက်ကလည်း ဆက်လက်ကျင်းပသွားမည့် အမျိုးသားညီလာခံအတွက် အဆောက်အအုံများတိုးချဲ့ပြုပြင်ရန်လိုအပ်ချက်များကို ကြည့်ရှုလေ့လာပြီး အချိန်ရခိုက်တိုးချဲ့ပြုပြင်သွားရန်လိုကြောင်း၊ သုံးစွဲခဲ့သည့် ပစ္စည်းများကိုမပျက်မယွင်းရအောင် စနစ်တကျထိန်းသိမ်းထားရန်နှင့် မကြာမကြာစစ်ဆေးမှုများ ပြုလုပ်သွားရန်မှာကြားလိုကြောင်း။

စည်းကမ်းနှင့်အညီစစ်ဆေး

ပြီးခဲ့သည့် အမျိုးသားညီလာခံတွင် သုံးစွဲကုန်ကျသည့်ငွေကြေးစာရင်းဇယားများကို စနစ်တကျထားရှိရန်နှင့်စာရင်းစစ်အဖွဲ့က ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးသွားရန်ဖြစ်ကြောင်း။

လာမည့် အမျိုးသားညီလာခံတွင် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့်စီမံခန့်ခွဲမှုကော်မတီတို့သည် ယခုကဲ့သို့ပင် အစဉ်မပြတ်တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၄ခုနှစ်မေ ၁၇ရက်မှ ၂၀၀၄ခုနှစ် ဇူလိုင် ၉ရက်အထိကျင်းပခဲ့သော အမျိုးသားညီလာခံနှင့်ပတ်သက်၍ အစီရင်ခံစာပြုစုရေးသားမှုအခြေအနေ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်းများပြုစုထားမှုအခြေအနေနှင့်အမျိုးသားညီလာခံ ကျင်းပသည့် မှော်ဘီမြို့နယ်ညောင်နှစ်ပင်စခန်းရှိ အဆောက်အအုံများပြုပြင်နေမှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးဦးသောင်းညွန့်က ကျင်းပပြီးစီးခဲ့သော အမျိုးသားညီလာခံ၌ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့မှ တင်သွင်းသော စာတမ်းများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌစာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်က ညောင်နှစ်ပင်စခန်းတွင် ထားရှိသော ပစ္စည်းများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေ၊ ဆေးကုသမှုခံယူနေကြသောအမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ပြုစုစောင့်ရှောက်အကူအညီပေးနေမှုအခြေအနေနှင့် အမျိုးသားညီလာခံအတွက် ပေးအပ်ထားသောအလှူငွေများထိန်းသိမ်းစောင့်ရှောက်ထားရှိမှုအခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ်လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင်ရပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးအား ရေနံချောင်းရေနံမြေရှိ တွင်းအမှတ် ၃၂၃၈မှ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုအခြေအနေကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။ (စွမ်းအင်)

မကွေးတိုင်းအတွင်းရှိရေနံမြေနှင့်စက်ရုံများ စွမ်းအင်ဒုတိယဝန်ကြီးလှည့်လည်စစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၆

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၃၁ရက်တွင် မကွေးတိုင်း မင်းဘူးမြို့နယ်အတွင်းရှိ မန်းရေနံမြေနှင့်ထောက်ကြာပင်ရေနံမြေများသို့ရောက်ရှိ၍ ရေနံအထွက်တိုးရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် MPRL, FEL ကုမ္ပဏီတို့မှ တာဝန်ရှိသူများအားတွေ့ဆုံကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရေးညှိနှိုင်းဆွေးနွေးပြီး တူးဖော်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေနံချောင်း ရေနံမြေသို့ ရောက်ရှိ၍ ရေနံမြေမန်နေဂျာနှင့် တာဝန်ရှိသူများ၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော Gold Petrol ကုမ္ပဏီမှ တာဝန်ရှိသူများအား တွေ့ဆုံကာ ရေနံအထွက်တိုးရေးလုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးပြီး ရေနံချောင်းရေနံမြေတွင် ထပ်မံတွေ့ရှိရသည့် ပေ ၄၇၀၀ သဲကြောမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်လျက်ရှိသော တွင်းအမှတ် ၃၂၃၀ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စပယ်ရေနံမြေနှင့် သာကြီးတောင်ရေနံမြေများသို့ ရောက်ရှိပြီး ရေနံမြေ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းပြီး တူးဖော်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပခုက္ကူမြို့နယ်ဂျိုးပုံကျေးရွာအနီးရှိ ဆိုက်စမစ်တိုင်းတာရေးအဖွဲ့(၁)စခန်းသို့ရောက်ရှိပြီး ဆိုက်စမစ်လိုင်းများတိုင်းတာပြီးစီးမှုများနှင့် လုပ်ငန်းသုံးယာဉ်ယန္တရားပစ္စည်းများအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၂ ရက်တွင် မြိုင်မြို့နယ် ကိုင်းတောမကျေးရွာအနီးရှိ ဆိုက်စမစ်တိုင်းတာရေးအဖွဲ့(၂)စခန်းသို့ သွားရောက်စစ်ဆေးသည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်အရာတော်ရေနံမြေစုပေါင်းရေနံလက်ခံသိုကန်တန်းသို့သွားရောက်၍ စုပေါင်းရေနံလက်ခံသိုကန်တန်း၌တာဝန်ရှိသူများနှင့်အတူ ရေနံလက်ခံသိုလှောင်တင်ပို့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး၊ အလေအလွင့် မရှိစေရေး၊ တွင်းသစ်များ တူးဖော်နိုင်ရန်အတွက် ဆိုက်စမစ်အဖွဲ့များက ဘူမိရူပဗေဒအချက်အလက်များရရှိအောင်ကြိုးပမ်းဆောင်ရွက်ရေး၊ ချမှတ်ထားသည့်စီမံချက်များအတိုင်း အချိန်မီပြီးစီးအောင်မြင်ရေးအတွက် ကြိုးပမ်းကြရန် ဆွေးနွေး မှာကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာရှဖလားဘောလုံးပြိုင်ပွဲ အီရန်အသင်းတတိယရရှိ

ရန်ကုန် ဩဂုတ် ၆

၂၀၀၄ ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲတတိယနေရာလုပွဲကို ယနေ့ ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ကျင်းပရာ အီရန်အသင်းက ဘာရိန်းအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး တတိယရရှိသွားသည်။

ဗိုလ်လုပွဲ

ဩဂုတ် ၇ရက် (ယနေ့) မြန်မာစံတော်ချိန် ညနေ ၆နာရီခွဲတွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် အိမ်ရှင်တရုတ်အသင်းနှင့် လက်ရှိချန်ပီယံဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကယားပြည်နယ် ရွာသစ်ထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်စတင်ထုတ်လွှင့်

ရန်ကုန် ဩဂုတ် ၆

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ကယားပြည်နယ် ရွာသစ်၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၄ခုနှစ် ဩဂုတ် ၃ ရက်တွင် လုပ်ငန်းများပြီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား(၁၀) ဝပ်၊လိုင်းနံပါတ်(၇)ဖြင့် ၂၀၀၄ခုနှစ် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် စက်ရုံဖွင့်ပွဲပြုလုပ်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင် မိုးသက်လေပြင်းကျပြီးလှိုင်းကြီးနိုင်

ရန်ကုန် ဩဂုတ် ၆

ယနေ့နံနက် ၉နာရီခွဲ အထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်ထူထပ်ခဲ့ပြီး ချင်းပြည်နယ်နှင့်ကယားပြည်နယ်တို့၌ နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြားမိုးရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေကြောင်းသိရသည်။

ဩဂုတ် ၇ရက် ညနေအထိ ခန့်မှန်းချက်အရ ချင်းပြည်နယ်၊ ကယားပြည်နယ်၊စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး မွန်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ပညာသင်စရိတ်ကျပ်တစ်သိန်းပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၆

ဒေးဒရဲမြို့နယ် သက္ကယ်ချောင်းအခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများအတွက် ၂၀၀၄-၂၀၀၅ ခုနှစ် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ချွန်ဆုပေးအပ်နိုင်ရေးအတွက် အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်မြို့လှိုင်သာယာမြို့နယ် ဒီလှိုင်းစားသောက်ကုန်လုပ်ငန်းရှင် ဦးကျော်နိုင်က ဇူလိုင် ၃၀ရက်တွင် ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းက ကျောင်းအကျိုးတော်ဆောင်အဖွဲ့သို့ လွှဲပြောင်း ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

*** ကျောဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် ခေတ္တတပ်မမှူး ဗိုလ်မှူးကြီးသိန်းတန်၊ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ပခုက္ကူတက္ကသိုလ်ရောက်ရှိ

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူတက္ကသိုလ်ပင်မဆောင် ဆောက်လုပ်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ပခုက္ကူတက္ကသိုလ်ပါမောက္ခချုပ် ဦးစိုးမြင့်က ပခုက္ကူတက္ကသိုလ်သင်ကြားစီမံဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ဒေါင်အုပ်စုကုမ္ပဏီလီမိတတ် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က ပခုက္ကူတက္ကသိုလ်ပင်မဆောင် ဆောက်လုပ်ရေးလုပ်ငန်းပြီးစီးမှု အခြေအနေနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

အချိန်မီပြီးစီးရေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ ညှိနှိုင်းစီစဉ်ပေးပြီး တက္ကသိုလ်အဆောက်အအုံများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် တည်ဆောက်ရေးမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၄ ရက်က ပခုက္ကူမြို့၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံ ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၄ ရက်က ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ပခုက္ကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗွီစီဒီစက်၊ ကွန်ပျူတာတစ်စုံနှင့် ဆက်စပ်ပစ္စည်းများကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်စဉ်။

(သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပခုက္ကူ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက် ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကနှင့် နည်းပြ၊သရုပ်ပြများအား တွေ့ဆုံ၍ ပညာရေးဆိုင်ရာများကို မေးမြန်းပြီး ဆောင်ရွက်ပေးဖွယ်ရာများကို ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပခုက္ကူ တက္ကသိုလ်ပင်မဆောင်ဆောက်လုပ်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြို့မိမြို့ဖများတွေ့ဆုံ

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးက ပခုက္ကူခရိုင်အတွင်း အဓိက သီးနှံ ၁၀မျိုးစိုက်ပျိုးမှု၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေများ၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများနှင့် ပံ့ပိုးပေးစေလိုသော လုပ်ငန်းလိုအပ်ချက်များတို့ကို ရှင်းလင်းတင်ပြသည်။

ပခုက္ကူမြို့ရှိ ပခုက္ကူတက္ကသိုလ် ပင်မဆောင် ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောက်လုပ်မှု အခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများပေးအပ်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပခုက္ကူမြို့အမှတ်(၁)၊ အမှတ် (၂)၊ အမှတ် (၃)နှင့်အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗွီစီဒီစက်၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများတစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးများထံပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသင့်သည်များ ပံ့ပိုးဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပခုက္ကူမြို့ဝန်းကျင်ဒေသများဖြစ်သော ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ရန်နှင့် ဒေသတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအား မှာကြားဖွယ်ရာများတွေ့ဆုံမှာကြားနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ပံ့ပိုးဆောင်ရွက်ပေး

ပခုက္ကူခရိုင်အတွင်း ရေစကြိုမြို့နယ်နှင့် ပေါက်မြို့နယ်များသို့ ယနေ့နံနက်ပိုင်းတွင် ဝင်ရောက်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အထူးသဖြင့် ကျေးလက်ဒေသပညာရေး၊ ကျန်းမာရေးအခြေခံများတိုးတက်ဖြစ်ထွန်းရေးကို အထောက်အကူဖြစ်စေမည့် ပံ့ပိုးထောက်ကူမှုများ စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပခုက္ကူမြို့ကို ဧရာဝတီအနောက်ဘက်ခြမ်းမြို့တော်အဖြစ်သတ်မှတ်ပြီး မြို့တော်အင်္ဂါရပ်များနှင့်အညီ တိုးတက်ဖြစ်ထွန်းလာရေးအတွက် ကူညီပံ့ပိုး စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထားခဲ့ပြီးနောက် ပခုက္ကူမြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များမကြာခဏလာရောက်ပြီး လိုအပ်သည့်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ အစဉ်တစိုက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ယခုဆိုလျှင် ပခုက္ကူ ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးအပါအဝင် ပခုက္ကူခရိုင်အတွင်းခုတင် (၅၀)ဆံ့ဆေးရုံ၊ (၂၅)ခုတင်ဆံ့ဆေးရုံ၊ (၁၆)ခုတင်ဆံ့ဆေးရုံနှင့် တိုက်နယ်ဆေး ရုံများအပါအဝင် ဆေးရုံပေါင်း ၁၅ ရုံတည်ရှိနေပြီဖြစ်ကြောင်း။

တက္ကသိုလ်အင်္ဂါရပ်နှင့်အညီတည်ဆောက်

ပညာရေးကဏ္ဍတွင်လည်း ပခုက္ကူတက္ကသိုလ်ကြီး ဖွဲ့စည်းထူထောင်ပေးခဲ့ပြီးဖြစ်သည့်အတွက် ယခုအခါတွင် တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ သစ်လွင်ခံ့ညားထည်ဝါသည့် တက္ကသိုလ် အဆောက်အအုံကြီးကို တည်ဆောက်ပေးလျက်ရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် ပခုက္ကူ အစိုးရကွန်ပျူတာကောလိပ်နှင့် ပခုက္ကူ အစိုးရနည်းပညာကောလိပ်တို့ကိုလည်း ထူထောင်ပေးခဲ့ပြီးဖြစ်ရာ လိုအပ်သောအဆောက်အအုံများ ဆက်လက်ဖြည့်တင်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ပခုက္ကူဒေသသည် ဝါစိုက်ပျိုးထွက်ရှိသည့် ဒေသဖြစ်သည့်အတွက် ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံကြီးကို တည်ဆောက်ပေးလျက်ရှိရာ စက်ယန္တရားများ စတင်တပ်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပြီး ဖွင့်လှစ်ပေးနိုင်တော့မှာဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက်လည်း ဆည်မြောင်းတာတမံများအပြင် မြစ်ရေတင်စီမံကိန်းများ မြောက်မြားစွာ တည်ဆောက်ပေးထားပြီးဖြစ်သလို ဆက်လက်ပြီးလည်း တည်ဆောက်ပေးနေဆဲဖြစ်ကြောင်း။

ယခုဆိုလျှင် မကွေးတိုင်းအတွင်း တည်ဆောက်ပြီး ဆည်ပေါင်း ၂၆ ခု ရှိပြီဖြစ်သည့်အပြင် ဆည်ကိုးခု တည်ဆောက်ဆဲဖြစ်ပြီး ဆက်လက်တည်ဆောက်မည့် ဆည်မြောင်းစီမံကိန်း ၁၁ ခု လျာထားဆောင်ရွက်နေပြီဖြစ်ကြောင်း။

မြစ်ရေတင်စီမံကိန်းခြောက်ခု

မြစ်ရေတင်စီမံကိန်းအနေဖြင့် ကြည့်မည်ဆိုလျှင် ၄၆ ခု တည်ဆောက်ပေးထားပြီးဖြစ်ပြီး တည်ဆောက်ဆဲ စီမံကိန်းတစ်ခုရှိသည့်အပြင် မြစ်ရေတင်စီမံကိန်းခြောက်ခု ဆက်လက်ဆောင်ရွက်သွားရန် စီမံလျာထားပြီးဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်လည်း လေယာဉ်ကြီးများ ဆင်းနိုင်မည့် ပခုက္ကူလေယာဉ်ကွင်းသစ်ကြီးကို တည်ဆောက်လျက်ရှိရာ မကြာမီဖွင့်လှစ်နိုင်တော့မည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မကွေးတိုင်းနှင့် ချင်းပြည်နယ်တို့ကို တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည့် အလျောက် ပခုက္ကူနှင့် ချင်းပြည်နယ်မြို့များ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေမည့် အစီအမံများ စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပခုက္ကူမှ ချင်းပြည်နယ်သို့ လမ်းများကို ရာသီမရွေးသွားလာနိုင်အောင် အဆင့်မြှင့်မွမ်းမံဖောက်လုပ်ပေးလျက်ရှိရာ ပခုက္ကူ- မင်းတပ်-မတူပီ-ရေဇွာ-ဟားခါး တောက်လျှောက် လမ်းဖောက်ရေးရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

မကြာသေးမီကလည်း ချင်းပြည်နယ်အတွက် လေကြောင်းလမ်း ထွက်ပေါက်အဖြစ် ရည်ရွယ်ထားသည့် ကျောက်ထုလေယာဉ်ကွင်းသစ်ကြီးကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ထောင်စုကြီးအတွင်းရှိ ပြည်နယ်နှင့်တိုင်းအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေအောင် ပြည်နယ်နှင့်တိုင်း အသီးသီး၌ ပေါင်းစည်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးများ အားလုံး လူနေမှုဘဝ အဆင့်အတန်းမျှတစွာ တိုးတက်မြင့်မားလာစေရအောင် စနစ်တကျ စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

အထူးသဖြင့် ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ပြီး တစ်ဒေသနှင့်တစ်ဒေသ ကူးလူးဆက်ဆံမှု တိုးပွားဖြစ်ထွန်းလာစေရအောင် ဒေသခံတိုင်းရင်းသား ပြည်သူများ ပညာရည်မြင့်မားစေရအောင် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း တိုးတက်မြင့်မားစေရအောင် စီးပွားရေးခိုင်မာတောင့်တင်းစေရအောင် လမ်းမကြီးများ၊ တံတားကြီးများ၊ လေယာဉ်ကွင်းကြီးများ၊ တက္ကသိုလ်ကောလိပ်နှင့် စာသင်ကျောင်းများ၊ ဆေးရုံကြီးများ၊ ဆေးပေးခန်းများ၊ဆည်မြောင်းတာတမံကြီးများ၊မြစ်ရေတင်စီမံကိန်းများကို ဦးစားပေးအလေးထားပြီး တစ်နိုင်ငံလုံး၌ ဖြန့်ကြက်တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးအလေးထား

ပြည်နယ်၊ တိုင်းဒေသများအားလုံးနှင့် ပြည်နယ်နှင့် တိုင်း ဒေသအသီးသီး၌ ဖြန့်ကြက်မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသား လူမျိုးများအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်ပါမှ တိုင်းရင်းသားပြည်သူများ အကြား ပြည်ထောင်စု စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ တိုးပွားခိုင်မြဲမည်ဆိုသည့် သဘောထားခံယူချက်ဖြင့် နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးရေး အစီအမံများကို အလေးထား စီမံဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

ဤသဘောထားခံယူချက်ကို ပြည်သူများအားလုံးက သိမြင်သဘောပေါက်ခံယူပြီး နိုင်ငံတော်အစိုးရ၏အမျိုးသားရေးမူဝါဒလမ်းစဉ်များနှင့်အညီ တစ်စိတ်တည်း တစ်ဝမ်းတည်း ညီညီညွတ်ညွတ် ပေါင်းစည်းနေထိုင်ရင်း ပြည်သူများ၏ တာဝန်ဝတ္တရားများဖြစ်သည့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ အမျိုးသား စီးပွားရေးဘဝတောင့်တင်းခိုင်မာရေးတို့အတွက် ကျင့်ကြံဆောင်ရွက်ဖွယ်ရာများကို တာဝန်ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်သွားကြဖို့ လိုကြောင်း။

ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် အသီးသီးရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကလည်း သဘောတရားကို နားလည်သဘောပေါက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရက စီမံချမှတ်ထားသော မူဝါဒများ၊ စီမံကိန်းများ အောင်မြင်စွာအကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရေးအတွက် မိမိတို့ဌာနဆိုင်ရာ အချင်းချင်း စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ခံမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် တက်ညီလက်ညီပေါင်းစည်းဆောင်ရွက်ကြရန်၊ ဒေသတွင်းရှိ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများကိုယ်တိုင်၏ ပူးပေါင်းပါဝင်မှုစွမ်းအားကို စည်းရုံးရယူဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့အစိုးရ နည်းပညာကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးအောင်မျိုး၊ ကထိက၊ လက်ထောက်ကထိကများ၊ နည်းပြများ၊ သရုပ်ပြများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက အစိုးရနည်းပညာကောလိပ် ကျောင်းဆောင်တိုးချဲ့ရေးနှင့် မြေနေရာရွေးချယ်ထားမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့လေယာဉ်ပြေးလမ်းသစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပခုက္ကူမြို့ လေဆိပ်ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ လေယာဉ်ပြေးလမ်း တည်ဆောက်ပြီးစီးမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ အမှတ် (၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကုန်းဘောင်ခေတ်လက်ရာ ပုဂံခေတ်ဟန် ထုလုပ်ထားသည့် ပဉ္စဝဂ္ဂီငါးပါးအား တရားဦးဟောဟန် ရှေးဟောင်း ကြေးဗုဒ္ဓဆင်းတုတော်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အေဒီ ၁၁ ရာစု ပုဂံခေတ်ဦးပိုင်းလက်ရာ မကိုဋ်၊ လည်ဆွဲ၊နားကင်း အဆင်တန်ဆာပါရှိသည့် လက်ယာ အဘယမုဒြာဟန်၊ လက်ဝဲစီဝရဟတ္ထ သင်္ကန်းစကိုင်ဟန် ရှေးဟောင်း ပဉ္စလောဟာ ဆင်းတုတော်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူ ချည်မျှင်နှင့် အထည်စက်ရုံ ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ ရက်ကန်းစက်များ တပ်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာကြသည်။

ဩဂုတ် ၄ ရက် နံနက်ပိုင်းက နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုဂံမြို့ ဧည့်ရိပ်သာခန်းမ၌ အလှူရှင်များလှူဒါန်းသည့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူကို လက်ခံသည်။

ဆင်းတုတော်လှူဒါန်း

အလှူရှင် ပုဂံမြို့ မင်းထီးယဉ်ရပ်ကွက် ပုန်းညက်လမ်း အမှတ် ၇၈/၇၉ နေ မိဘများဖြစ်သော ဦးမောင်လှ၊ ဒေါ်ချောချောတို့အား အမှူးထား၍ ဦးအောင် မြင့်သန်း(ကွယ်လွန်)နှင့်ဇနီး ဒေါ်သိန်းသိန်း မိသားစုက အေဒီ ၁၁ ရာစု ပုဂံခေတ်ဦးပိုင်းလက်ရာ မကိုဋ်၊ လည်ဆွဲ၊ နားကင်းအဆင်တန်ဆာပါရှိသည့် လက်ယာအဘယမုဒြာဟန်၊ လက်ဝဲစီဝရဟတ္ထသင်္ကန်းစကိုင်ဟန် ပဉ္စလောဟာ ဆင်းတုတော်တစ်ဆူနှင့် ကုန်းဘောင်ခေတ်လက်ရာ ပုဂံခေတ်ဟန် ထုလုပ်ထားသော ပဉ္စဝဂ္ဂီငါးပါးအား တရားဦးဟောဟန် ကြေးဗုဒ္ဓဆင်းတုတော်တစ်ဆူတို့ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံသည်။

ယင်းရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်နှစ်ဆူမှာ သမိုင်းတန်ဖိုးကြီးမားသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများဖြစ်သဖြင့် မသမာသူများ လက်မှတစ်ဆင့် အခြားသော နိုင်ငံများသို့ ရောက်ရှိမသွားစေရေးအတွက် အလှူရှင်များအနေဖြင့် နိုင်ငံတော်သို့ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ပေးအပ်လှူဒါန်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အလှူရှင် ပုဂံမြို့ မင်းထီးယဉ်ရပ်ကွက် ပုန်းညက်လမ်း အမှတ် ၇၈/၇၉ နေ မိဘများဖြစ်သော ဦးမောင်လှ၊ ဒေါ်ချောချောတို့အားအမှူးထား၍ ဦးအောင်သန်းမြင့် (ကွယ်လွန်) နှင့် ဇနီး ဒေါ်သိန်းသိန်းမိသားစုက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်နှစ်ဆူကို ပေးအပ်လှူဒါန်းရာ လက်ခံစဉ်။ (သတင်းစဉ်)

ပခုက္ကူမြို့ လေဆိပ်ပင်မဆောင် အဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

ပခုက္ကူမြို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ပခုက္ကူ ချည်မျှင်နှင့်အထည်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း (၇)

နိုင်ငံတစ်နိုင်ငံဟာ မိမိတို့ရောက်ရှိနေတဲ့ လူမှုစီးပွားရေး၊ နိုင်ငံရေးအဆင့်နဲ့ အညီသာလျှင် ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီကို ထူထောင်တက်လှမ်းနိုင်မယ် ဆိုတာကို နိုင်ငံတကာ ဖြစ်စဉ်တွေက သက်သေပြလျက် ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံအဖို့ ဖွံ့ဖြိုးပြီး လမ်းမှန်ပေါ်မှာ ရောက်နေပြီဆိုရင်တောင်မှ ဖွံ့ဖြိုးရေးစခန်း အဆင့်ဆင့်ကို ဖြတ်သန်းရာတွင် ကြုံတွေ့ရမယ့် အခက်အခဲများ၊ တာဝန်များကို ခုန်ပျံသွားလို့ မရနိုင်သလို ဥပဒေတွေ ထုတ်ပြန်ရုံနဲ့လဲ မရနိုင်ကောင်းပါ။ မိမိတို့ လူ့အဖွဲ့အစည်းအတွက် ဝေဒနာအနည်းဆုံးလမ်းကိုသာ ရွေးချယ်ကျင့်သုံးရမယ် ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံတွင် မိမိတို့ လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံထူထောင်နေတဲ့ တည်ဆဲတပ်မတော်အစိုးရအပေါ် နိုင်ငံရေးပါတီအဖွဲ့အစည်းအချို့က မစေ့စပ်ရေးလမ်းစဉ်ကို ဆင်နွှဲနေတဲ့အတွက် အလိုတူ အလိုပါ ပြည်ပနိုင်ငံကြီးအချို့ရဲ့ မြန်မာပြည်သူတွေအပေါ် စီးပွားရေး ပိတ်ဆို့အရေးယူမှု၊ လူသားချင်းစာနာတဲ့ အကူအညီဖြတ်တောက်မှု၊ စွက်ဖက်ဖိအားပေးမှုတွေ ကြုံလာရပါတယ်။ အဲဒီလိုမဟုတ်ဘဲ သင့်မြတ်စည်းလုံးရေးလမ်းကို ရွေးချယ်ကျင့်သုံးသွားမယ်ဆိုရင် ကမ္ဘာ့အလယ်မှာ ထည်ဝါတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို မနေ့အမြန် အမှန်ပင် ထူထောင်သွားနိုင်မယ်ဖြစ်ပါတယ်။ လက်ရှိအနေအထားကို ကြည့်မယ်ဆိုရင် တပ်မတော်အစိုးရက ထူထောင်ရေးဘက်မှာ ကြိုးပမ်းတည်ဆောက်နေပြီး နိုင်ငံရေးပါတီအချို့က အတိုက်အခံ ဆန့်ကျင်တဲ့ဘက်မှာ ရောက်ရှိနေပါတယ်။ အပေါင်းလက္ခဏာနဲ့ အနုတ်လက္ခဏာအသွင် ဆောင်နေပါတယ်။ ဒီကနေ့ မြန်မာ့သမိုင်းရဲ့ တောင်းဆိုမှုဟာ တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ ဒီမိုကရေစီနိုင်ငံတော် ထူထောင်သွားဖို့ဖြစ်ပါတယ်။ အမျိုးသားသင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီရေးတာဝန်ကို တစ်မျိုးသားလုံး ကျေပွန်စွာ ထမ်းဆောင်သွားဖို့သာ ဖြစ်ပါတယ်။ အမျိုးသားသင့်မြတ်စည်းလုံးရေးဆိုတာ ပြည်တွင်းအင်အားစုချင်း ညီညွတ်မှု တည်ဆောက်ရေးပြဿနာ ဖြစ်ပါတယ်။ အဲဒီလို ညီညွတ်မှု တည်ဆောက်ရာတွင် ပြည်တွင်းအင်အားစုချင်းသာ အလေးအနက်ထားရမယ် ဖြစ်ပါတယ်။ ပြည်တွင်းအင်အားစုချင်းသာ အားကိုးအားထား ပြုရမယ်ဖြစ်ပါတယ်။ ပြည်တွင်းအင်အားစုချင်းသာ အပြန်အလှန် ယုံကြည်ကိုးစားရမယ် ဖြစ်ပါတယ်။

အဲဒီလို မဟုတ်ဘဲ ပြည်ပအင်အားစုတွေနဲ့ ပြည်ပနိုင်ငံအချို့အပေါ်ယုံကြည်အားထားနေမယ်ဆိုရင်၊ အားကိုးမှုလွန်ကဲနေမယ်ဆိုရင် ဘယ်လိုမှစစ်မှန်တဲ့ သင့်မြတ်စည်းလုံးရေးကို တည်ဆောက်နိုင်မယ်မဟုတ်ပါ။ ပြည်ပနိုင်ငံကြီးအချို့ကလဲ သူတစ်ပါးပြည်တွင်းရေးကို လက်ရဲဇက်ရဲ ဝင်ရောက်စွက်ဖက် သွေးမခွဲဖို့ ဖြစ်ပါတယ်။ မြန်မာ့အိမ်နီးချင်းကောင်းနိုင်ငံများနဲ့ အာဆီယံစိတ်ထားမျိုးမွေးကြဖို့ ဖြစ်ပါတယ်။ ဒီစိတ်ထားတွေဟာ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်နဲ့ ညီညွတ်မှန်ကန်လို့ ဖြစ်ပါတယ်။ ဒီအပေါ် လွန်ခဲ့တဲ့ ဇွန်လ၂၈ရက်နေ့ကျရောက်တဲ့ တရုတ်နိုင်ငံက ကျင့်သုံးလျက်ရှိသော **"ငြိမ်းချမ်းရေးအဓိက နိုင်ငံခြားရေးဝါဒ နှစ်(၅၀)မြောက်နှစ်ပတ်လည် အထိမ်းအမှတ်** နေ့တွင်-

ယနေ့ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ ဒီမိုကရေစီကို အခြားနိုင်ငံများ ကျင့်သုံးလာအောင် ဘယ်နိုင်ငံကမှ အတင်းအဓမ္မ သွတ်သွင်းပိုင်ခွင့် မရှိကြောင်း၊ ဒီမိုကရေစီကို ကမ္ဘာတစ်ဝန်းမှာ ကျယ်ကျယ်ပြန့်ပြန့် ခေတ်စားလာစေချင်လျှင် သက်ဆိုင်ရာနိုင်ငံတို့အနေဖြင့် မိမိတို့ဆန္ဒနှင့် မိမိတို့ လိုလိုလားလား ကျင့်သုံးဖော်ဆောင်ချင်လာအောင် တိုက်တွန်းအားပေးခြင်း၊ ပညာပေးခြင်းများ ပြုသင့်ကြောင်း၊ နိုင်ငံတကာ သံရေး၊တမန်ရေးလောက၌ ဗိုလ်ကျစိုးမိုးမှု အင်အားပြ၍ နိုင်ငံရေးကစားမှု၊ ဩဇာအာဏာပေးမှုများဖြင့် ဒီမိုကရေစီကို အတင်းအဓမ္မ သွတ်သွင်းကျင့်သုံးစေတာမျိုးကိုတော့ ရှောင်ကြဉ်သင့်ကြောင်း" ဖြင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပြောကြားသွားခဲ့သည်။

အောင်မိုးစံ

"နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်မှာ ဒီမိုကရေစီစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးဖို့အရေးဟာ အရေးတကြီးလိုအပ်နေတာမှန်ပေမယ့် ဒီမိုကရေစီကို တစ်နိုင်ငံက (ဘယ်သူကမှ)အခြားတစ်နိုင်ငံအပေါ် အတင်းအဓမ္မ သွတ်သွင်းပြဋ္ဌာန်းကျင့်သုံးစေပိုင်ခွင့် မရှိပါဘူး၊ အလားတူပဲ အခြားနိုင်ငံများရဲ့ အချုပ်အခြာအာဏာကိုလဲ ဘယ်လိုအကြောင်းပြချက်နဲ့မှ ပယ်ဖျက်ပစ်ပိုင်ခွင့်၊ ရုပ်သိမ်းပစ်ပိုင်ခွင့်၊ လုယူပိုင်ခွင့်မရှိပါဘူး"
ဟုလဲ မစ္စတာဝမ်ကြားပေါင်က ဆက်လက်ပြောကြားသွားခဲ့သည်။

ဒီကနေ့ တည်ဆဲတပ်မတော်အစိုးရအဖို့ အတွေ့အကြုံဟာ ဆင်ခြင်တုံတရားဖြစ်တယ်၊ အတွေ့အကြုံဟာ ပညာဖြစ်တယ်၊ အတွေအကြုံဟာ အလုပ်လမ်းညွှန်ဖြစ်တယ်ဆိုတဲ့အတိုင်း ဒီမိုကရေစီနိုင်ငံတော်ကို ကိုယ်တွေ့လက်တွေ့ မနေမနား ထူထောင်လာခဲ့ရတဲ့ အတွေ့အကြုံများအပေါ် ဆင်ခြင်သုံးသပ်ပြီး လက်တွေ့ကျတဲ့ ဒီမိုကရေစီအမြင်ကို ခံယူကျင့်သုံးလာခဲ့တာ ဖြစ်ပါတယ်။ မိမိတို့ လူမှုဘဝနဲ့ ကိုက်ညီတဲ့လမ်းစဉ်ကို ချမှတ်ကျင့်သုံးလာခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီ အဖွဲ့အစည်းအချို့ဟာ ကိုယ်ပိုင်အတွေ့အကြုံနည်းပါးတဲ့အတွက် တရားသေဝါဒကို ကိုင်စွဲထားကြတယ်။ လက်တွေ့မကျတဲ့ အနောက်ဥရောပ ဒီမိုကရေစီကို ပုံတူကူးယူရေး စိတ်ကူးယဉ်ဝါဒကို ကိုင်စွဲထားကြတယ်။ ဒါကြောင့် (Study the past if you would divine the future) တကယ့်လို့ သင်ဟာ အနာဂတ်ကိုမှန်းဆလိုရင် အတိတ်ကို လေ့လာသုံးသပ်ပါဆိုတဲ့ စကားနဲ့အညီ လွတ်လပ်ရေးရပြီးနောက် မြန်မာ့သမိုင်းသင်ခန်းစာအချို့ကို အခုလိုတွေ့နိုင်ပါတယ်။

လက်ရှိအနေအထားကို ကြည့်မယ်ဆိုရင် တပ်မတော်အစိုးရက ထူထောင်ရေးဘက်မှာ ကြိုးပမ်းတည်ဆောက်နေပြီး နိုင်ငံရေးပါတီအချို့က အတိုက်အခံဆန့်ကျင်တဲ့ဘက်မှာ ရောက်ရှိနေပါတယ်။ အပေါင်းလက္ခဏာနဲ့ အနုတ်လက္ခဏာအသွင် ဆောင်နေပါတယ်။ ဒီကနေ့ မြန်မာ့သမိုင်းရဲ့ တောင်းဆိုမှုဟာ တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ ဒီမိုကရေစီနိုင်ငံတော် ထူထောင်သွားဖို့ ဖြစ်ပါတယ်။ အမျိုးသား သင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီရေးတာဝန်ကို တစ်မျိုးသားလုံး ကျေပွန်စွာ ထမ်းဆောင်သွားဖို့သာ ဖြစ်ပါတယ်။ အမျိုးသား သင့်မြတ်စည်းလုံးရေးဆိုတာ ပြည်တွင်းအင်အားစုချင်း ညီညွတ်မှု တည်ဆောက်ရေးပြဿနာ ဖြစ်ပါတယ်။ အဲဒီလို ညီညွတ်မှုတည်ဆောက်ရာတွင် ပြည်တွင်းအင်အားစုချင်းသာ အလေးအနက်ထားရမယ် ဖြစ်ပါတယ်။ ပြည်တွင်းအင်အားစုချင်းသာ အားကိုးအားထား ပြုရမယ်ဖြစ်ပါတယ်။ ပြည်တွင်း အင်အားစုချင်းသာ အပြန်အလှန် ယုံကြည်ကိုးစားရမယ် ဖြစ်ပါတယ်။

လွတ်လပ်ရေးရပြီး ၁၉၅၀ပြည့်နှစ်ဝန်းကျင်မှာ နယ်ချဲ့သမားတို့ရဲ့ သွေးထိုးမှုကြောင့် လူမျိုးရေးပဋိပက္ခတွေ ဖြစ်ခဲ့ကြလို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ယိုယွင်းမှုတွေ ဖြစ်ခဲ့ကြရပါတယ်။

ဒီအချိန်က တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းတွေလဲ လူမျိုးရေးပဋိပက္ခမှာ သူ့ဘက်ကိုယ့်ဘက် ဝင်ရောက်တိုက်ခိုက်လာခဲ့တယ်။ ဒီအပေါ်မှာ မြှောက်ပင့်သွေးထိုးပေးခဲ့တဲ့ နယ်ချဲ့သမားကတော့ သူတို့အကြံအောင်မြင်တဲ့အတွက် အလွန်ပင်ဝမ်းသာပီတိဖြစ်နေမှာပါ။ အဲဒီလို တိုင်းရင်းသားချင်း အပြန်အလှန် တိုက်ခိုက်သတ်ဖြတ်မှု ကြီးထွားလာသလောက် လူမျိုးမုန်းတီးရေး စိတ်ထားတွေလဲ ပိုမိုပြင်းထန်လာခဲ့တယ်။ နောက်ဆုံး ပဋိပက္ခပြေငြိမ်းရေးအတွက် အမြော်အမြင်နဲ့ ကြားဝင်ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်တွေကိုပင် မုန်းတီးရေး ပြင်းထန်နေတဲ့ လူမျိုးစွဲပုဂ္ဂိုလ်တွေက ရန်လို မုန်းထားခဲ့ပါတယ်။ ဒါပေမယ့် နှစ်ဖက်သင့်မြတ်ရေးအတွက် အနစ်နာခံကြိုးပမ်းခဲ့တဲ့အတွက် ကိုယ်ပိုင်အတွေ့အကြုံတွေရပြီး ဆင်ခြင်သင့်မြတ်လာခဲ့တယ်။ တိုင်းရင်းသားချင်း အပြန်အလှန် တိုက်ခိုက်သတ်ဖြတ်ခဲ့မှုဟာ လွန်စွာအကျိုးယုတ်စေခဲ့ပြီး သင့်မြတ်ရေးကသာ နှစ်ဖက်အကျိုးကို တိုးပွားစေတယ်ဆိုတဲ့ သင်ခန်းစာကို နောင်တကြီးစွာနဲ့ ဆင်ခြင်နိုင်ခဲ့ပါတယ်။ ဒါဟာ ပြည်ပသွေးထိုးမှုအပေါ် မဆင်ခြင်နိုင်ခဲ့လို့ တိုင်းရင်းသားချင်းသွေးမြေကျခဲ့ရတဲ့ သင်ခန်းစာဖြစ်ပါတယ်။ ဒီကနေ့လို တိုင်းရင်းသားချင်း လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးမရှည်အောင်၊ သွေးမြေမကျအောင် အမျိုးသားသင့်မြတ်စည်းလုံးရေးကို ကြိုးပမ်းလာနိုင်တဲ့ တပ်မတော်အစိုးရရဲ့ တန်ဖိုးကြီးမားမှုကိုလဲ သမိုင်းဝင်အသိအမှတ်ပြုရမယ် ဖြစ်ပါတယ်။

ဒုတိယသင်ခန်းစာကတော့ ၁၉၆၈ ခုနှစ်မှာ တော်လှန်ရေးကောင်စီဟာ မြေပေါ်နိုင်ငံရေးပါတီ အသီးသီးမှ ခေါင်းဆောင်များကို ဖိတ်ခေါ်ပြီး ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ ၃၃ ဦးကို ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီအဖွဲ့က နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသား လူမျိုးများအရေးတို့တွင် အခွန့်ရှည်စွာ အကျိုးရှိစေမယ့် ပြည်တွင်းညီညွတ်ရေး ကို အကြံပေးတင်ပြဖို့ ဖြစ်ပါတယ်။ ဒါပေမယ့် ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ဝင်တွေကိုယ်တိုင်က သဘောထားအမျိုးမျိုး ကွဲလွဲခဲ့ကြပြီး ဝန်ကြီးချုပ်ဟောင်း ဦးနုက သူ့ဆီအာဏာပြန်အပ်ဖို့ တောင်းဆိုတင်ပြလာတဲ့အတွက် ပြည်တွင်းညီညွတ်ရေး ကြိုးပမ်းမှုတံခါး ပြန်ပိတ်သွားခဲ့ရပါတယ်။ အခုလိုဖြစ်ရတာဟာ အမျိုးသားညီညွတ်ရေးထက် တစ်ဖွဲ့တစ်ပါတီအရေးကို ဦးစားပေးခဲ့ကြလို့ ဖြစ်ပါတယ်။

နောက်သင်ခန်းစာတစ်ခုကတော့ ၁၉၈၈ခုနှစ် အရေးအခင်းတွင် ဒေါက်တာမောင်မောင်အစိုးရက ခြောက်လအတွင်း ရွေးကောက်ပွဲလုပ်ပေးပါမယ်လို့ ကမ်းလှမ်းခဲ့တယ်။ အဲဒီလို ဒီမိုကရေစီအရေး ဆောင်ရွက်သွားဖို့ ကမ်းလှမ်းမှုအပေါ်မှာ ပူးပေါင်းဆောင်ရွက်သွားရမယ့်အစား အရေးအခင်းမှာ ပါဝင်လှုပ်ရှားခဲ့ကြတဲ့ နိုင်ငံရေးအင်အားစုများ၊ သပိတ်အဖွဲ့များဟာ သပိတ်တော့ ဆက်မှောက်ရဦးမှာပဲလို့ ဆက်လက် ဆန့်ကျင်ခဲ့ပါတယ်။ ဒါ့အပြင် အဲဒီလို ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးလမ်းစဉ်နဲ့ ကြားဖြတ်အစိုးရကို တွင်တွင်ကြီးတောင်းခဲ့ပါတယ်။ ဒါဟာ အမျိုးသားအင်အားစုချင်း မစေ့စပ်ရေးမျိုးစေ့ကို ချခဲ့သလို ဖြစ်ပါတယ်။

ဒီကနေ့မှာတော့ ဒီအပေါ် လေးနက်စွာ သင်ခန်းစာယူရမယ့် အချိန်အခါကောင်းကျရောက်နေပြီ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံတွင် မိမိတို့လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်မှုအရှိဆုံး မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအလုပ်စခန်းကို စတင်နေလို့ ဖြစ်ပါတယ်။ ဒီအခွင့်အခါကောင်းကို လက်လွတ်မခံဘဲ အမျိုးသားသင့်မြတ်စည်းလုံးရေးမျိုးစေ့ကိုချပြီး ဒီမိုကရေစီနိုင်ငံကို စည်းလုံးညီညွတ်စွာ ထူထောင်သွားကြဖို့ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမူဝါဒလမ်းစဉ်(၇)ရပ်ဟာ နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်းဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

အထက(၁) သာကေတပညာရေးမိသားစု၏ အကြိမ်(၄၀) မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ရက်က မြဝတီဆောင် ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးဝင်းနှင့် ကျောင်း အကျိုးတော်ဆောင်များ၊ မိဘဆရာအသင်း နာယကများ၊ ဆရာဆရာမများက ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြစဉ်။ (၂၅၈)

ဇူလိုင် ၃၁ရက်က ကမာရွတ်မြို့နယ် အမှတ်(၄)အခြေခံပညာ မူလတန်းကျောင်းတွင် ၂၀၀၃-၂၀၀၄ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းက သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆုနှင့် မြို့နယ်အဆင့် ပညာတန်ဆောင် စာစီစာကုံးပြိုင်ပွဲ ဒုတိယဆုရ မောင်သန့်စင်အောင်အား ဂုဏ်ပြုချီးမြှင့်စဉ်။ (က-ပ)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းကြည့်ရှုစစ်ဆေး မြို့နယ်မိခင်/ကလေးအသင်းဝင်များအားတွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများဆွေးနွေးမှာကြား

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များနှင့်တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော် စံပြကျေးရွာနှင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်တို့သို့သွားရောက်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏လုပ်ငန်းဆောင်ရွက်ချက်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် နံနက် ၈နာရီ ၁၅မိနစ်တွင် ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော် စံပြကျေးရွာသို့ရောက်ရှိကြရာ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယကဒေါ်စဝ်နွမ်းခွန်ဆမ်၊ ဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူးဒေါက်တာမောင်မောင်မြင့်၊ အတွင်းရေးမှူး ဒေါက်တာဒေါ်တင်တင်ဝင်းနှင့်ကော်မတီဝင်များ၊ခရိုင်ကျန်းမာရေးဦးစီးမှူးဒေါက်တာဦးချစ်ကိုကို၊ ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် အင်းတကော်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနရှိ အင်းတကော်စံပြကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ ဆယ်ကျော်သက်မျိုးဆက်ပွား ကျန်းမာရေး ဟောပြောပွဲသို့ရောက်ရှိကြပြီး ဟောပြောပို့ချသူဆရာဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် အင်းတကော်စံပြကျေးရွာကျေးလက်ကျန်းမာရေးဌာနအတွင်း ပြသထားသည့် ကျန်းမာရေးအသိပညာပေးပို့စတာများကိုလှည့်လည်ကြည့်ရှုကြသည်။

စာဖတ်ခန်းကြည့်ရှု

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် အင်းတကော်စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲရုံးသို့ ရောက်ရှိကြပြီး ကျေးရွာပညာပဒေသာဌာနစာဖတ်ခန်းတွင် ပြသထားသော မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲ၏လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့်စာဖတ်ခန်းကို ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် နံနက်၈နာရီ၄၅မိနစ်တွင် အင်းတကော် စံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲရုံးခန်း၌ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် တွေ့ဆုံ၍ အသင်း၏ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေး မှာကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့်ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပဲခူးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယကဒေါ်စဝ်နွမ်းခွန်ဆမ်၊ ဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူးဒေါက်တာမောင်မောင်မြင့်နှင့်ကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အင်းတကော်စံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်ကျော့ရွှေက အသင်းက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအကြောင်းကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကား ပြောကြားသည်။

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက အင်းတကော်စံပြကျေးရွာအသင်းခွဲအတွက် လှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ဆေးဝါးများကို ပေးအပ်ရာ ကျေးရွာ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်ကျော့ရွှေက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် အင်းတကော် စံပြကျေးရွာအတွင်း ယင်လုံအိမ်သာတည်ဆောက်ထားမှု၊ ရေကောင်းရေသန့် ရရှိရေး ဆောင်ရွက်ထားရှိမှု၊ မိသားစု တစ်ပိုင်တစ်နိုင် အရိပ်ရပင်နှင့် သီးပင်များ စိုက်ပျိုးထားရှိမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး သာယာလှပရေးဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာမောင်မောင်မြင့်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းမှတစ်ဆင့် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ရောက်ရှိပြီး အသင်း၏ သားဖွားခန်းကို ကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြော

ဆက်လက်၍ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ကျန်းမာရေး လုပ်ငန်းဆောင်ရွက်ချက်၊ပညာရေးလုပ်ငန်းဆောင်ရွက်ချက်နှင့် အသင်း၏ ကြီးပမ်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် မွေးဖွားလူနာ နားနေဆောင်အတွင်းရှိ မွေးဖွားပြီး မိခင်များအားတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆေးဝါးစရိတ် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် လှည်းကူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များအား တွေ့ဆုံ၍ အသင်း၏ လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှမြင့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၏ ဇနီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စုများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ လှည်းကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းယဉ်ဝင်းက အသင်း၏ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ အသင်းပိုင်သားဖွားခန်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက လှည်းကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းအတွက် လှူဒါန်းသည့် ဆေးဝါးများကို ပေးအပ်ရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လှည်းကူးမြို့မှ ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လအတွက်
(၈-၈-၂၀၀၄ ရက်)နေ့နှင့်
(၂၉-၈-၂၀၀၄ ရက်)နေ့

ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲတတိယပွဲစဉ် အဖွဲ့ချုပ်လက်ရွေးစင်နှင့် မိုဟမ်ဘာဂမ်ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၆

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ တတိယပွဲစဉ်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လက်ရွေးစင်ဘောလုံးအသင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂါလီပြည်နယ်မှ မိုဟမ်ဘာဂမ်ဘောလုံးအသင်းတို့ ဩဂုတ် ၇ရက် **(ယနေ့)** ညနေ ၄ နာရီတွင် လှုင်ယာ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဩဂုတ် ၃ ရက်က ယှဉ်ပြိုင်ကစားသည့် ပထမခြေစမ်းပွဲစဉ်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လက်ရွေးစင်အသင်းက အိန္ဒိယနိုင်ငံမှ မိုဟမ်ဘာဂမ်အသင်းကို လေးဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့သည်။ ဩဂုတ် ၅ရက်က ယှဉ်ပြိုင်ကစားသည့် ဒုတိယခြေစမ်းပွဲစဉ်တွင် အိန္ဒိယနိုင်ငံမှ မိုဟမ်ဘာဂမ်အသင်းက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် လူငယ်ညွှန့်ပေါင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယနေ့ပွဲစဉ်သည် အဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် မိုဟမ်ဘာဂမ်အသင်းတို့ ဒုတိယအကြိမ် ပြန်လည်ဆုံတွေ့ကြခြင်းဖြစ်ရာ တစ်ဦးအထာတစ်ဦး သိထားပြီးဖြစ်၍ စိတ်ဝင်တစား စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လက်ရွေးစင်အသင်းတွင် **(ဂိုး)** အောင်အောင်ဦး၊ ထွန်းထွန်းလင်း၊ ကျော်မင်းလှိုင်၊ **(နောက်တန်း)** မင်းသူ၊ စိုးလင်းထွန်း၊ မိုးကျော်သူ၊ အောင်ကျော်မိုး(၂)၊ အောင်ဇော်မျိုး၊ ဟန်ဝင်းအောင်၊ ကျော်ခိုင်ဝင်း၊ ကျော်ဇေယျာမင်း၊ ဇော်ထက်အောင်၊ ဇော်လင်းထွန်း(၂)၊ **(အလယ်တန်း)** စိုးမြတ်မင်း၊ အောင်ကျော်မိုး(၁)၊ ဇော်ဇော်၊ စန်းမောင်၊ မာလ၊ ဘိုဘိုအောင်၊ ထွန်းထွန်းဝင်း၊ မောင်မောင်အောင်၊ မျိုးမင်းထွန်း၊ ကျော်ဇင်ဝင်း၊ **(ရှေ့တန်း)** ရန်ပိုင်၊ ဇော်ထိုက်၊ ထွန်းမင်းဦး၊ နိုင်ဝင်းနှင့် ထွန်းမင်းနိုင်တို့ ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

ဟောဓိမြိုင်ဓမ္မရသစာစု ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၆

သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးတည်လျက်ရေးသားထားသော ဓမ္မစာစုများ၊ မဟာဗောဓိမြိုင် ဆရာတော်၏ သာသနာပြုလုပ်ငန်းနှင့် ဘဝဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ရေးသားထားသော စာစုများကိုစုစည်းလျက် ဗောဓိမြိုင်ဓမ္မရသစာစု (၁)စာအုပ်ကို အမှတ် ၂၉၉/၄ ပျဉ်းမမြိုင်လမ်း ၂၅ ရပ်ကွက် သုဝဏ္ဏ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(က-ပ)**

ဒေးဒရဲမြို့နယ်၌ သဲသောင်ပြင်ဘောလုံးပြိုင်

ရန်ကုန် ဩဂုတ် ၆

ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားတိုးမြစ်ဝဒေသ ခြောက်အုပ်စု ပင်လယ်ကမ်းခြေ သဲသောင်ပြင် ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၁ ရက်က တိုးကျေးရွာ၌ ကျင်းပရာ **(အောက်ပုံ)** မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုခြောက်အုပ်စုမှကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဘောလုံးအားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းက သဲသောင်ပြင်ဘောလုံးပွဲကို နယ်မြေလူထု ကျန်းမာပျော်ရွှင်ရေးအတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် ဆူးကလပ်အသင်းနှင့် တမာတကောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ မြို့နယ်နှင့် အလှမ်းကွာဝေးသည့် ယင်းဒေသတွင် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကို ယခင်က မကျင်းပဘူးသေးသဖြင့် ယခုပြိုင်ပွဲကို ဒေသခံကျေးရွာပြည်သူများက အထူးစိတ်ဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ကြည့်ရှုအားပေးကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ခရိုင်အားကစားခန်းမဖွင့်ပွဲတက်ရောက် မအူပင် စက္ကူစက်ရုံစစ်ဆေး၊ ဒေသခံများအား တွေ့ဆုံအမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၆

ဧရာဝတီတိုင်း မအူပင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ အဖွဲ့ဝင်များနှင့် အတူ ဩဂုတ် ၄ ရက် နံနက် ၈ နာရီက ကျင်းပသည့် မအူပင်မြို့ မိုးလုံလေလုံ ခရိုင်အားကစားခန်းမဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့က မိုးလုံလေလုံ ခရိုင်အားကစားခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အားကစားခန်းမကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားပြီး ဓနုဖြူ၊ ညောင်တုန်းနှင့် မအူပင်မြို့နယ်များအတွက် အားကစားပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အားကစားသရုပ်ပြအဖွဲ့များက မြန်မာ့သိုင်း၊ အေရိုးဗစ်၊ မြန်မာ့ရိုးရာခြင်း၊ ကရာတေးဒို၊ ဝူရှူးအားကစားနည်းများကို သရုပ်ပြကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အားကစားသရုပ်ပြအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့နယ် ပန်းတပွတ်ကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း မအူပင်စက္ကူစက်ရုံသို့ ရောက်ရှိကြသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာ ဦးဇော်မင်း၊ တိုင်းမန်နေဂျာဦးရဲဝင်းတို့က ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စက်ရုံ၏လုံခြုံရေး၊ သတ်မှတ်ချိန်နာရီ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးနှင့် ကုန်ကြမ်းဝယ်ယူရေး ရရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

စက္ကူစက်ရုံစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မအူပင်စက္ကူစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များ လိုက်ပါလျက် မအူပင်မြို့ နယ်မြေခံတပ်ရင်းသို့သွားရောက်၍ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံပြီး မိသားစုဝင်များ၏ ပညာရေး၊ကျန်းမာရေး၊ သက်သာချောင်ချိရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်က ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နယ်မြေခံတပ်ရင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် အလှူငွေများကို ပေးအပ်သည်။ ထို့နောက် နယ်မြေခံတပ်ရင်းရှိ မိသားစုဝင်များစိုက်ပျိုးထားသော တစ်ပိုင်တစ်နိုင်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များလိုက်ပါလျက် မအူပင်-ကျိုက်လတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး လမ်းဘေးဝဲယာတစ်လျှောက်ရှိ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများနှင့် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ဆူးကနန်းကျေးရွာရှိ ကွင်းအမှတ်(၁၃၁)စိုက်ကွင်း ဧက ၁၀၀ မျိုးသန့်စံပြစိုက်ကွက်သို့ ရောက်ရှိကြပြီး စံပြစိုက်ကွက်၌ ရေကျောက်ခက် ဇီဝမြေဩဇာဖြင့် စိုက်ပျိုးထားသော မနောသုခ စပါးများ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှု၍ ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ စပါးအထွက်တိုး စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျိုက်လတ်မြို့နယ် ဧရာအောင်ခန်းမသို့ရောက်ရှိပြီး တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံတောင်သူများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျိုက်လတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းအဆောက်အအုံအတွက် အလှူငွေများကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ကျောင်းသား ကျောင်းသူများ အတွက် ဗလာစာအုပ်နှင့်ခဲတံဒါဇင် ၅၀ စီကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကျိုက်လတ်မြို့နယ် ဧရာအောင် ခန်းမဝင်းအတွင်း၌ ကျိုက်လတ်မြို့မှ ထုတ်လုပ်သည့် လယ်ယာသုံးကိရိယာများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဖျာပုံမြို့သို့ ရောက်ရှိကြပြီး ဖျာပုံခရိုင်ရတနသိဒ္ဓိသာသနာ့ဗိမာန်တော်၌ကျင်းပသည့် ဖျာပုံမြို့ပေါ်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ဖျာပုံတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့(၇)မှဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က တံတားစီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက သတ်မှတ်ချိန်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်နိုင်ရေး ဆွေးနွေးမှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ယူအီးအက်ဖ်အေဥက္ကဋ္ဌနေရာ အသက်(၇၀)ကန့်သတ်ပြီ

ဂျီနီဗာ (ဆွစ်ဇာလန်) ဩဂုတ် ၄

ယူအီးအက်ဖ်အေသည် ယင်းတို့၏ အဖွဲ့အစည်းဆိုင်ရာ ကော်မတီများ၏ အဖွဲ့ဝင်များအသက်ကို (၇၀) အထိသာ သတ်မှတ်ပြဋ္ဌာန်းလိုက်သည်။ ယူအီးအက်ဖ်အေဥက္ကဋ္ဌ လင်းနတ်တ် ဂျိုဟန်ဆင်နှင့် အမှုဆောင်ကော်မတီဝင် နှစ်ဦးတို့သည် ၂၀၀၆ခုနှစ်တွင် နုတ်ထွက်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြဋ္ဌာန်းချက်ကို ၂၀၀၆ခုနှစ် တွင် စတင်မည်ဟု တနင်္လာနေ့က ကြေညာချက်ထုတ်ပြန်ထားသည်ဟု ယူအီးအက်ဖ်အေက ပြောကြားသည်။

ဂျိုဟန်ဆင်သည် (၇၄)နှစ်ရှိပြီး အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် မေယာဖော်ဖီလ်ဒါ(၇၁)နှစ်နှင့် စပိုက်စစ်(၇၀)တို့သည် ကန့်သတ်ချက် အသက်ကျော်လွန်သွားသဖြင့် ၂၀၀၆ခုနှစ်တွင် ယူအီးအက်ဖ်အေဥက္ကဋ္ဌများ ပြန်လည်ရွေးချယ်တင်မြှောက်ရာတွင် ပါဝင်တော့မည်မဟုတ်ကြောင်း သိရသည်။ ယင်းထုတ်ပြန်ချက်သည် အမှုဆောင်ကော်မတီနှင့် စည်းကမ်းပိုင်းဆိုင်ရာ အဖွဲ့များ အပါအဝင် ယူအီးအက်ဖ်အေကော်မတီ ၁၂ခုကို အကျိုးသက်ရောက်မှု ရှိမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဒေါ်လာ လေးသန်းခွဲတန် ဗျူးရစ်အိုးပင်းဂေါက် ဘီဂျေးဆင့်ဂျ်အနိုင်ရ

ဂရင်းဘလန့် (မီချီဂန်) ဩဂုတ် ၄

ကမ္ဘာ့တတိယအဆင့်ရှိ ဘီဂျေးဆင့်ဂျ်သည် အမေရိကန်ဒေါ်လာ ၄ဒသမ၅သန်းတန်ဗျူးရစ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် တနင်္ဂနွေနေ့က ဥန်ဒါလီကိုကျော်ဖြတ်၍ ရိုက်ချက် ၆၇ ချက်တွင်ငါးချက်လျှော့ရိုက်ခဲ့သည်။

အဆိုပါ ဂေါက်သီးရိုက် သမားသည် စုစုပေါင်းရိုက်ချက် ၂၆၅ ချက်တွင် ၂၃ချက် လျှော့ရိုက်ခဲ့သည်။ ဒါလီ ၆၆ ချက်၊ ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ် ၆၆ ချက်နှင့်ပါရာဝွေးမှ ကလော့ခ် ဖရန်ကို ၆၆ချက် စုစုပေါင်း ၂၇၆ ချက်စီရိုက်ကာ တတိယနေရာတွင်ရှိနေသည်။အသက်(၄၁)နှစ်အရွယ်ရှိ ဆင်းဂျ်သည် ၁၉၉၇ ခုနှစ်က အဆိုပါ ဗျူးရစ်အိုးပင်းဖလားကိုရရှိခဲ့သူဖြစ်သည်။ ၎င်းသည် အဆိုပါဖလားနှစ်လုံးရရှိဖူးသူ ဂျူးလီယက်ဘိုရို (၁၉၆၃နှင့် ၁၉၆၇)နှင့် တိုနီလီမာ (၁၉၆၄-၁၉၆၅) တို့ကဲ့သို့ တတိယမြောက် ဖလားနှစ်လုံး ရရှိသူဖြစ်လာမည်ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

ကမ္ဘာ တစ်လွှား အားကစား

ဩစတြေးလျ စက်ဘီးစီးအားကစားသမား အိုဂရာဒီ ဂျာမနီဆိုက်ကလပ်စစ် ကမ္ဘာ့ဖလားစက်ဘီးပြိုင်ပွဲဗိုလ်စွဲ

ဟမ်းဘတ်(ဂျာမနီ) ဩဂုတ် ၅

ဩစတြေးလျစက်ဘီးစီးသမား စတူးဝပ်အိုဂရာဒီ**(ယာပုံ)**သည် ဩဂုတ် ၁ ရက်က ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ ကျင်းပသည့် ဆိုက်ကလပ်စစ်ကမ္ဘာ့ဖလားစက်ဘီးပြိုင်ပွဲတွင် အနိုင်ရရှိသွားသဖြင့် သူ၏အောင်နိုင်မှုဆုဖလားကြီးကို အနမ်းပေးခွင့် ရသွားပြီဖြစ်သည်။

အသက်(၃၀)အရွယ်ရှိ အဆိုပါ စက်ဘီးစီးသမားသည် ပြီးခဲ့သောလက တိုးဒီဖရန့် စက်ဘီးစီးပြိုင်ပွဲတွင်လည်း အနိုင်ရရှိခဲ့သူဖြစ်သည်။ ၎င်းသည် ပြီးခဲ့သောနှစ်က အဆိုပါဆုဖလားကို ရရှိခဲ့သည့် အီတလီနိုင်ငံသား ပါအိုလိုဘက်တီနီအားဟမ်းဘတ်မြို့ဝန်းကျင် ကီလိုမီတာ ၂၅၀ အလွန်၌ ဖြတ်ကျော်ခဲ့သည်။

စပိန်နိုင်ငံသား ကမ္ဘာ့စက်ဘီးစီး ချန်ပီယံ အီဂေါအက်စတာလိုယာသည်လည်း တတိယအဆင့်သာ ရခဲ့သည်။

အီတလီနိုင်ငံသား ဒေးဗိုက်ရီဘယ်လ်လင်းသည် ယခုနှစ်ရာသီတွင် ပြိုင်ပွဲနှစ်ခု အနိုင်ရသူသည် ဆဋ္ဌမနေရာ၌သာ ရှိခဲ့သည်။

အိုဂရာဒီသည် တိုးဒီဖရန့် စက်ဘီးပြိုင်ပွဲ၊ နေသဟာယစက်ဘီးပြိုင်ပွဲများ၏ ရွှေတံဆိပ်ပိုင်ရှင် ဖြစ်သည်။

ဘက်တီနီ၊ အက်စတာလိုယာ၊ ရီဘယ်လ်လင်းတို့သည် ရှေ့မှ ဖြတ်ကျော်ရန် ကြိုးစားခဲ့ကြသည်။ သို့ရာတွင် အိုဂရာဒီက တစ်ဆယ်မီတာခန့် ချန်ထားခဲ့သည်။

ခြောက်ကြိမ်တိုင် စက်ဘီးပြိုင်ပွဲ အနိုင်ရသူ အမေရိကန်နိုင်ငံသား လန့်စ်အမ်းစထရောင်းသည်လည်း ယခုပြိုင်ပွဲ၌ မပါဝင်ခဲ့ပေ။

လာမည့် ကမ္ဘာ့စက်ဘီးစီးပြိုင်ပွဲကို စပိန်နိုင်ငံ၌ ဆန်းဆီဘတ်စတီယမ် ကလပ်စစ်အဖြစ် စနေနေ့တွင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

တိုက်စစ်ကိုသာ အားပေးမည့် နယ်သာလန်အသင်း တိုက်စစ်မှူးများ၏ အရည်အချင်း ပိုမိုပြည့်ဝလာမည်

နယ်သာလန် ဩဂုတ် ၁

နယ်သာလန်ဘောလုံးအသင်းသည် တိုက်စစ်ဘောလုံးအသင်း ဖြစ်ကြောင်း လေးနှစ်စာချုပ်ဖြင့် နယ်သာလန်နည်းပြဖြစ်လာမည့် မာကိုဗင်ဘတ်စတင်က သူ၏နယ်သာလန်အသင်းကိုကတိပြုပြောကြားလိုက်သည်။

အသက်(၃၉)နှစ် အရွယ်ရှိနယ်သာလန်တိုက်စစ်မှူးဟောင်း ဖြစ်သူ အဆိုပါနည်းပြသည်ယူရို ၂၀၀၄ အကြိုဗိုလ်လုပွဲတွင် ပေါ်တူဂီကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့် သွားမှုကြောင့်ရာထူးမှနုတ်ထွက်သွားသူ ဒစ်ခ်အက်ဗိုကာအက် နေရာတွင် အစားထိုးမည်ဖြစ်ကြောင်း သိရသည်။ လှပသောဘောလုံး ကန်ကွက်များနှင့် တိုက်စစ်ဘောလုံးသမားအဖြစ်ကစားရန်မှာမိမိတို့၏ရည်မှန်းချက်ပန်းတိုင်ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ တိုက်စစ်မှူးများ၏ အရည်အချင်း ပိုမိုတောက်ပလာရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း၊ ခံစစ် ဖြင့် တိုက်စစ်မှူးများ၏အရည်အချင်း ပြည့်ဝလာမည်မဟုတ်ကြောင်းဗင်ဘတ်စတင်ကပြောကြားသည်။

ပေါ်တူဂီနှင့် ချက်အသင်းတို့သည် ယူရို ၂၀၀၄ ဖိုင်နယ်ပွဲစဉ်များတွင် တိုက်စစ်ကို အားပေးသည့် အသင်းများဖြစ်ကြောင်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

7-8 (12).p65 1 03/24/1905, 8:58 PM

ရွက်လှေအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်မည်
2004 ASEAN Open Optimist Championship ပြိုင်ပွဲအတွက်ကြိုတင်ပြင်ဆင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၆

ဂျပန်နိုင်ငံ ဟာယာမားမြို့တွင် ဩဂုတ် ၇ ရက်မှ ၁၆ ရက်အထိကျင်းပမည့် အသက်(၁၅)နှစ်အောက် အော့ပ်တစ်မစ်ရွက်လှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဥက္ကဋ္ဌ တွဲဖက်ပါမောက္ခ ဒေါက်တာ ဥမ္မာကျော်ခေါင်းဆောင်သည့် အုပ်ချုပ်သူ၊ နည်းပြနှင့် ရွက်လှေအားကစားမောင်မယ် ၁၀ဦးတို့သည် ဩဂုတ် ၅ ရက်ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြိုင်ပွဲကျင်းပမည့် ဂျပန်နိုင်ငံ ဟာယာမားမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ရွက်လှေအားကစားအဖွဲ့ မထွက်ခွာမီက မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် အင်းလျားကန်သို့ သွားရောက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်နှင့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးမိုးမြင့်၊ အဖွဲ့ခေါင်းဆောင် တွဲဖက် ပါမောက္ခ ဒေါက်တာဥမ္မာကျော်တို့အား ပြိုင်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမိုးမြင့်က ပြိုင်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းပြရာတွင် "အဖွဲ့ချုပ်အနေဖြင့် အသင်းအုပ်ချုပ်သူအဖြစ် ရန်ကုန်ရွက်လှေအသင်းဥက္ကဋ္ဌ ဒေါက်တာ ဥမ္မာကျော် (တွဲဖက်ပါမောက္ခ၊ဥပဒေရေးရာဌာန၊ ရန်ကုန်တက္ကသိုလ်)က ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒုတိယအသင်းအုပ်ချုပ်သူအဖြစ် ရွက်လှေအားကစားဝါသနာရှင်မိဘတစ်ဦးဖြစ်သူ ဦးမြတ်ကျော်က ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နည်းပြအဖြစ် (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှ ရွှေတံဆိပ်ဆုရှင်အောင်မြင်သူက ဆောင်ရွက်ပြီး အသင်းခေါင်းဆောင်အဖြစ် မောင်ရဲလင်းထူးက ဦးဆောင်၍ မစုနန္ဒာဝေ၊ မောင်ဒေတာစည်သူ၊ မောင်ဟယ်ရီတို့က Core Team Memberအဖြစ်ပါဝင်ပြီး Second Line က မောင်ကောင်းမြတ်သူ၊ မောင်အောင်ကျော်နိုင်နှင့် မမိုးဦးထွန်းတို့က ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း" ပြောကြားသည်။

အဖွဲ့ခေါင်းဆောင်က ပြိုင်ပွဲပြင်ဆင်မှု၊ လူရွေးချယ်မှုနှင့် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ ၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် ချောင်းသာ၌ကျင်းပမည့် 2004 ASEAN Open Optimist Championship ပြိုင်ပွဲအကြောင်းကိုရှင်းပြရာတွင်"မိမိတို့အဖွဲ့သည် ဂျပန်နိုင်ငံ ဟာယာမားမြို့တွင်ကျင်းပမည့် Ioda Asian Sailing Championship-2004 ပြိုင်ပွဲသို့သွားရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်မှုများပြည့်စုံနေပြီဟု ယုံကြည်ကြောင်း၊ အာရှအဆင့် လက်ရည်စမ်းပြိုင်ပွဲဖြစ်၍ အာရှထိပ်သီးနိုင်ငံများနှင့် ယှဉ်ပြိုင်မှာ ဖြစ်ကြောင်း၊ အချို့သော အာရှနိုင်ငံများသည် ကမ္ဘာ့အဆင့်လက်ရည်ရှိသူများဖြစ်၍ မိမိတို့ ခက်ခက်ခဲခဲ အကြိတ်အနယ် ယှဉ်ပြိုင်ရမည့်ပွဲ ဖြစ်ကြောင်း၊ ယခင်က ကမ္ဘာ့အဆင့်ပြိုင်ပွဲများမှာ တရုတ်၊ စင်ကာပူ၊ ဂျပန်နိုင်ငံအပါအဝင် အာရှတိုက်မှ အင်အားကြီးနိုင်ငံများအနေနှင့် လှေအစင်းပေါင်း၁၈၀ကျော်ဖြင့် ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုအဆင့် ၄၀၊ ၅၀ရှိပြီး မကြာသေးမီက Ecuador နိုင်ငံ Salinas မြို့မှာ ကျင်းပသည့် 2004 Optimist World Championship ပြိုင်ပွဲကြီး မှာ နိုင်ငံပေါင်း ၄၀ ကျော်မှ လှေအစင်းပေါင်း ၂၂၈စင်းဝင်ရောက် ယှဉ်ပြိုင်ရာ တစ်ဦးချင်း ပြိုင်ပွဲ Individual Race တွင် တရုတ်နိုင်ငံမှ အားကစားသမားက ပထမရရှိပြီး အသင်းလိုက်ပြိုင်ပွဲတွင်လည်း တရုတ်နိုင်ငံက တတိယရရှိခဲ့သည်။ စင်ကာပူနှင့် ဂျပန်အားကစားသမားများ Top Thirty Position များရရှိထား၍ အာရှနိုင်ငံများ၏ ရွက်လှေလက်ရည်အဆင့်အတန်းသည် ကမ္ဘာ့ထိပ်သီးနိုင်ငံများ၏ လက်ရည်အဆင့်ကို ကျော်ဖြတ်လျက်ရှိကြောင်း၊ လက်ရည်အဆင့်အတန်း မြင့်မားတိုးတက်လျက်ရှိကြောင်း၊ မိမိတို့ ရွက်လှေ အဖွဲ့လည်း အခြားနိုင်ငံများနည်းတူ အရှိန်အဟုန်ဖြင့်အမီလိုက်ရန် ပြင်ဆင်လေ့ကျင့်နေရကြောင်း၊ မကြာမီ ဂျပန်နိုင်ငံတွင်ကျင်းပမည့် Ioda Asian Sailing Championship-2004ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မိမိတို့အသင်းကို စေလွှတ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အားကစားသမားရွေးချယ်မှုအနေဖြင့် ၂၀၀၄ခုနှစ် ချောင်းသာပင်လယ်ပြင် လေ့ကျင့်ရေးအစီအစဉ် ပထမရက် ၃၀ အပြီးတွင် Selection Trails များ ပြုလုပ်၍ ပြိုင်ပွဲရမှတ်များ၏ ၆၀ ရာခိုင်နှုန်းနှင့် နည်းပြများပေးသည့် ဆန်းစစ်ချက်ရမှတ်များ၏ ၄၀ ရာခိုင်နှုန်း နှစ်ခုပေါင်းပြီး ရမှတ်အကောင်းဆုံးရရှိသည့် အားကစားသမား များကို ရွေးချယ်ခြင်း ဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ်အတွင်း ကြိုတင်ပြင်ဆင်မှုအနေဖြင့် ယခုနှစ်နွေရာသီ ရွက်လှေသင်တန်းကို သင်တန်းသားများစွာရရှိရန် အထက်တန်းကျောင်းများကို ရန်ကုန်ရွက်လှေအသင်း မိဘများသွားရောက်ကြပြီး ရွက်လှေအားကစားအကြောင်းသိကောင်းစရာ ဗဟုသုတများကို ကွင်းဆင်းဆောင်ရွက်စည်းရုံးခဲ့ရာ ယခုနှစ် သင်တန်းတွင် သင်တန်းသား ၆၉ဦး အထိရရှိခဲ့ကြောင်း၊ သင်တန်းမဖွင့်မီ ရန်ကုန်ရွက်လှေအသင်း၏ အပတ်စဉ် ပြိုင်ပွဲတွေမှာ Optimist Class လှေစီးသူ ၁၀ဦးမျှ ကျန်ရှိသည့် အခြေအနေအထိရောက်ခဲ့ပြီး ယခုနှစ်နွေရာသီသင်တန်းအပြီးတွင် Optimistလှေစီးသူဦးရေ ၄၀ထိ တိုးတက်လာကြောင်း၊ သင်တန်းအပြီး ချောင်းသာပင်လယ်ပြင်လေ့ကျင့်ရေးအစီအစဉ်ကိုရက်သတ္တနှစ်ပတ်အတွင်းမှာစတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းလေ့ကျင့်ရေးအစီအစဉ်မှာOptimist Class အားကစားသမား၃၃ဦးအထိလိုက်ပါသည်ကို တွေ့ရကြောင်း၊ ဩစတြေးလျနိုင်ငံမှ နိုင်ငံခြားနည်းပြသုံးဦးခေါ်ယူငှားရမ်းသင်ကြားပေးခဲ့ကြောင်း၊ ကျပ်သိန်း ၁၅၀နီးပါးနှင့် အမေရိကန်ဒေါ်လာတစ်သောင်းခုနှစ်ထောင်ကျော် အကုန်အကျခံကာ ရက်ပေါင်း ၄၅ ရက်ကြာ လေ့ကျင့်မှုပြုခဲ့ကြောင်း၊ ယခုနှစ် ပင်လယ်ပြင်လေ့ကျင့်ရေးအစီအစဉ်တွင် လူအင်အား၊ ငွေအင်အား၊ စက်ပစ္စည်း အင်အားအများဆုံး စိုက်ထုတ်သုံးစွဲခဲ့သည့် ပင်လယ်ပြင်လေ့ကျင့်မှု တစ်ခုဖြစ်ပြီး လေ့ကျင့်မှုအပြီးမှာ Optimist Class Sailor များ၏ လက်ရည်သည် Basic Level ကနေ Intermediate Level အထိ တိုတောင်းသည့်အချိန်အတွင်းမှာ သိသိသာသာ တိုးတက်လာသည်ကို တွေ့ရကြောင်း၊ တစ်ဖန်ဆက်လက်ပြီး အင်းလျားကန်တွင် Denmark နိုင်ငံမှ National Coach အမျိုးသမီးနည်းပြ တစ်ဦးငှားရမ်းပြီး ရက်ပေါင်း ၃၀ ကြာ လေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း၊ ယခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှ ၂၁ ရက်အတွင်း အသက်(၁၅)နှစ်အောက် 2004 ASEAN Open Optimist Championship ပြိုင်ပွဲကို မြန်မာနိုင်ငံတွင် စည်ကားသိုက်မြိုက်စွာ လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံများမှာ ASEAN နိုင်ငံများနှင့်အတူ ဂျပန်၊ ပါကစ္စတန်၊ သီရိလင်္ကာအစရှိသည့် အာရှတိုက်နိုင်ငံများအပြင် ဩစတြေးလျ၊ နယူးဇီလန်စသည့် နိုင်ငံ ၁၅နိုင်ငံ ဖိတ်ကြားထားကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် ၁၀ နိုင်ငံ လက်ခံရရှိထားပြီးဖြစ်ကြောင်း၊ အိမ်ရှင်နိုင်ငံဖြစ်၍ ယင်းပြိုင်ပွဲ၌ မိမိတို့အောင်မြင်ရန် အထူးလိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ကြိုတင်ပြင်ဆင်လေ့ကျင့်မှုအပိုင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုပြိုင်ပွဲ ယှဉ်ပြိုင်ပြီး 2004 ASEAN Open Optimist Championship ပြိုင်ပွဲ မစတင်မီ ယခုနှစ် ဒီဇင်ဘာလဆန်းတွင် ချောင်းသာသို့ ကြိုတင်သွားရောက်ပြီး လေ့ကျင့်မှုများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း" ရှင်းပြသွားသည်။

မြန်မာရွက်လှေအားကစားအဖွဲ့သည် ၂၀၀၁ခုနှစ်တွင် မလေးရှားနိုင်ငံတွင်ကျင်းပသည့် (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်(၃)ခု၊ ကြေးတံဆိပ် (၁)ခုရရှိခဲ့ပြီး ယခုအချိန်အထိ နိုင်ငံတကာပြိုင်ပွဲများမှ ရွှေ၊ ငွေ၊ ကြေးတံဆိပ် အမြောက်အမြား အမိနိုင်ငံအတွက် ရယူပေးနိုင်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ယခုရရှိသည့် အဆင့်ထက်မနိမ့်ရန်နှင့် ရွှေတံဆိပ်များ ပိုမိုရရှိရန် ရွက်လှေအားကစားနည်းဖြင့်နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရန် ကြိုးစားလေ့ကျင့်လျက် ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အသက် (၁၅)နှစ်အောက် အော့ပ်တစ်မစ်ရွက်လှေပြိုင်ပွဲပါဝင်ဆင်နွှဲမည့် တွဲဖက်ပါမောက္ခဒေါက်တာဥမ္မာကျော်ခေါင်းဆောင်သည့် မြန်မာ့ရွက်လှေအဖွဲ့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်နှင့် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးမိုးမြင့်နှင့်အတူ တွေ့ရစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က ချောင်းသာကမ်းခြေတွင် ပင်လယ်ပြင်အတွေ့အကြုံရရှိရန် ဤသို့လေ့ကျင့်ခဲ့သည်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဆည်မြောင်းဦးစီးဌာနသို့ နည်းပညာဆော့(ဖ်)ဝဲစီဒီလှူဒါန်း

ရန်ကုန် ဩဂုတ် ၆

Suntac Technologies က ကြီးမှူး၍ ဆည်မြောင်း တာတမံများ တည်ဆောက်ရာတွင် တပ်ဆင်အသုံးပြုနိုင်သည့် Geotechnical Instrumentation နည်းပညာ၊ တည်ဆောက်ပြီး တည်ဆောက်ဆဲဆည်များ၊ တာတမံများကို အချိန်ပြည့် စောင့်ကြပ် ထိန်းသိမ်းပေးနိုင်သည့် Dam Monitoring and Early Warning System,SCADA System၊ ဆည်များ၊ တမံများ မတည်ဆောက်မီ အကြိုစူးစမ်းတိုင်းတာရေးကိစ္စများတွင် ပကတိမြေမျက်နှာသွင်ပြင်၏ မြေပုံကားချပ်များ ထုတ်လုပ်၍ ဒီဇိုင်းရေးဆွဲနိုင်ရေးဆိုင်ရာ လုပ်ငန်းတစ်ခုဖြစ်သည့် Photogrammetry and Digital Mapping, Remote Sensing, GIS စသည့် နည်းပညာရပ်များဆိုင်ရာ ရှင်းလင်းဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀နာရီက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ Suntac Technologies မှ အထွေထွေမန်နေဂျာ ဦးတင်မြင့်က ရှင်းလင်းဟောပြောပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် Suntac Technologies ၏ ဝန်ဆောင်မှုလုပ်ငန်းများကို တင်ပြသည်။ ထို့နောက် သက်ဆိုင်ရာ ဘာသာရပ်များ၏ နည်းပညာရပ်များကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မန်နေဂျာများက ဗီဒီယိုဆလိုက်များဖြင့် တည်ဆောက်ပြီး ဆည်တာတမံများတွင် မိုးလေဝသနှင့် ဇလဗေဒ အချက်အလက်များကို Telemetry Sensor ဖြင့် ချိတ်ဆက်ထားပြီး ဂြိုဟ်တုဆက်သွယ်ရေးမှ တစ်ဆင့် ညွှန်ကြားချက်များ ပေးနိုင်သဖြင့် ဆည်မြောင်းတာတမံများ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်ရေးအတွက် အသုံးဝင်မည့်နည်းပညာသစ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းသို့ Suntac Technologies မှမန်နေဂျင်းဒါရိုက်တာ ဦးရဲဘုန်းလှိုင်က Digital Mapping Remote Sensing,GIS နည်းပညာဆော့(ဖ်)ဝဲဖြစ်သည့် TNT Mips Demonstration CD များကို ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၆

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ပိဋကတ်တစ်ပုံဆောင် ရွှေမြင့်မိုရ်ကျောင်းတိုက်ပဓာနနာယက ဆရာတော် အရှင်သောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ်(၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဩဂုတ် ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈သို့ဖြစ်စေ ဩဂုတ် ၁၇ရက်အရောက် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကမ္ဘောဇသာမဏေကျော်စာမေးပွဲဆဋ္ဌမအကြိမ်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ဆဋ္ဌမအကြိမ် ကမ္ဘောဇသာမဏေကျော်စာမေးပွဲကို သီတင်းကျွတ်လပြည့်ကျော် ၇ ရက် (နိုဝင်ဘာ ၄ ရက်)မှစတင်၍ သီတင်းကျွတ်လပြည့်ကျော် ၁၃ရက် (နိုဝင်ဘာ ၁၀ ရက်)အထိ တောင်ကြီးမြို့ ကျက်သရေဆောင် မြို့လယ်ဓမ္မာရုံကြီး၌ ခုနစ်ရက်တိုင်တိုင်ကျင်းပမည်ဖြစ်သည်။ ပထမဆင့်ဖြေဆိုသူများသည် သီတင်းကျွတ်လပြည့်ကျော် ၇ ရက်တွင်နှုတ်မေးခွန်းဖြေဆိုရမည်ဖြစ်ပြီး ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်သုံးဆင့်လုံးအတွက် သဘောရေးဖြေကို သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်များတွင် ဖြေဆိုရမည်ဖြစ်သည်။

စာမေးပွဲဖြေဆိုလိုသော ရှင်သာမဏေများသည် ဝင်ခွင့်ပုံစံများတောင်းယူပြီး စက်တင်ဘာ ၁၃ရက်ထက် နောက်မကျစေဘဲ အတွင်းရေးမှူး ဦးထွန်းအေးလေး မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော် ရပ်ကွက် တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၆၇၃ သို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

စမ်းချောင်းလမ်း ၁၀ ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၆

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အလုပ်ပေးတရားတော်မြတ်ကြီးကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက ဩဂုတ် ၁၅ ရက် မှ ၂၄ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉) ဒုတိယလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။

ဝါတွင်းဥပုသ်နေ့တိုင်း မွန်းတည့် ၁၂ နာရီမှ ၅ နာရီအထိ တရားစခန်းရှိကြောင်းသိရသည်။ **(က-ပ)**

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးကျော်ဝင်း(အောင်အထွေထွေရောင်းဝယ်ရေးလုပ်ငန်း)-
ဒေါ်နုနုမြင့် တို့၏သားကြီး

မောင်သန့်ကျော်ဝင်း

နှင့်

ရန်ကုန်မြို့နေ ဦးကျော်မင်းသိန်း [အင်ဂျင်နီယာမှူးကြီး၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)]-
ဒေါက်တာဒေါ်ခင်စန်းနွဲ့
တို့၏ တစ်ဦးတည်းသောသမီး

မစန္ဒာမင်း

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂၇-၇-၂၀၀၄ ရက်တွင် မင်္ဂလာဦးဆွမ်းကျွေး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန့်ကျော်ဝင်း-မစန္ဒာမင်း။

မတောင်းဘဲပြည့်စုံနိုင်သည့်ရေအကျိုးဆယ်ပါး

စည်ပင်သာယာရေးအဖွဲ့သည် ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

ရေလှူဒါန်းခြင်းဖြင့် အောက်ပါအကျိုးဆယ်ပါးကို ဆုမတောင်းဘဲ ရနိုင်ပါသည်။

၁။ လျင်မြန်ခြင်း
၂။ သန့်ရှင်းစင်ကြယ်ခြင်း
၃။ ကျော်ကြားလူသိများခြင်း
၄။ ဆာလောင်မွတ်သိပ်မှုကင်းခြင်း
၅။ အခြွေအရံများခြင်း
၆။ အသက်ရှည်ခြင်း
၇။ အဆင်းလှခြင်း
၈။ ချမ်းသာကြီးခြင်း
၉။ ခွန်အားဗလကြီးမားခြင်း
၁၀။ ဉာဏ်ပညာကြီးမားခြင်း

မည်သည့်မြို့နယ်တွင်မဆို စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များသည် အောက်ဖော်ပြပါ လုပ်ငန်းများကို စည်ပင်သာယာရေးဦးစီးဌာနနှင့် တိုင်းနှင့်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း(စက်ပစ္စည်းစုံ) ကျပ် ၂ဒသမ ၅ သိန်း၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း (စက်ပစ္စည်းစုံ) ကျပ်ငါးသိန်း၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း (စက်ပစ္စည်းစုံ) ကျပ်ငါးသိန်း။

ဆက်သွယ်လှူဒါန်းရန်လိပ်စာ

(က) ညွှန်ကြားရေးမှူးချုပ် ၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈
(ခ) ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၁-၂၄၀၁၁၈
(ဂ) ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ၀၁-၂၉၁၉၆၇
(ဃ) ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ၀၇၁-၂၁၀၁၂
(င) ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ၀၆၃-၂၃၁၆၄
(စ) ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ၀၂-၅၄၆၅၇

စည်ပင်သာယာရေးဦးစီးဌာန။

တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အခြေခံပန်းအလှပြင်သင်တန်း(၁/၂၀၀၄) သင်တန်းဆင်းပွဲကို အသင်းရုံး၌ ဇူလိုင် ၂၇ရက်က ကျင်းပရာ ပထမဆုရ မဇင်မို့မို့အောင်အား ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်သန်းနွယ်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဩဂုတ် ၆

ကမာရွတ်မြို့နယ် အမှတ် (၃) ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဇူလိုင် ၈ ရက်က ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးစောနိုင်အောင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိုးညွှန့်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်အမာကြည်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်အမာကြည်က စာကြည့်တိုက်အသုံးချရေးနှင့် ပညာ့အလင်း စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးများဟောပြောပြီးနောက် အလှူရှင်များက မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များကို ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိုးညွှန့်သို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့်
The Association for Overseas Technical Scholarship(AOTS) တို့
ပူးပေါင်းကျင်းပသော

The Program on Basic IT for IT Engineers (2W)
(MMFE2W1-Yangon) သင်တန်း

လာမည့် ၂၀၀၄ ဩဂုတ် ၃၀မှ စက်တင်ဘာ ၁၀ ရက် အထိ ဖွင့်လှစ်ပါမည်။
သင်တန်းတက်ရောက်လိုသူများ ဩဂုတ် ၉ ရက် နောက်ဆုံးထား၍
ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သင်တန်းဝင်ခွင့် လိုအပ်ချက်

* ဂျပန်အိုင်တီအင်ဂျင်နီယာစာမေးပွဲ ဒုတိယပိုင်းမေးခွန်းလွှာအတွက် ရည်ရွယ်ဖွင့်လှစ်သော သင်တန်းဖြစ်ပါသည်။
* တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရ သို့မဟုတ် ၎င်းအဆင့်နှင့်ညီမျှသော အရည်အချင်းရှိသူဖြစ်ရပါမည်။
* အိုင်တီဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိပြီး အသက် ၂၀ မှ ၄၅နှစ်အတွင်း ဖြစ်ရပါမည်။
* သင်တန်းသား ၃၀ ဦးသာ လက်ခံပါမည်။

သင်တန်းကာလနှင့်သင်တန်းအချိန်

* ၂၀၀၄ဩဂုတ် ၃၀ မှ စက်တင်ဘာ ၁၀ ရက်အထိ။ (ရက်သတ္တနှစ်ပတ်)
* တနင်္လာမှ သောကြာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီ

e-Learning Center
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်
အဆောင် ၁၊ အခန်း ၁၊
MICT Park၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်
ဖုန်း ၆၅၂၃၀၇၊ ၇၀၇၅၀၃။

ကိုကျော်သူနှင့်အများသိစေရန်

တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ ၂လမ်း၊ အမှတ် ၄၄/ခနေ ကျွန်မ မနုနုယဉ် ၁၂/ဥကတ(နိုင်)၀၈၄၈၄၅၏ ခင်ပွန်းဖြစ်သူ ကိုကျော်သူ ၁၂/ဥကတ(နိုင်)၀၈၃၁၀၅သည် ၃-၈-၂၀၀၄ရက်တွင် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များ ပြုလုပ်သွားပါသဖြင့် ထိုနေ့မှစ၍ ခင်ပွန်းအဖြစ်မှ အသိအမှတ်မပြုပါကြောင်းနှင့် နောင်၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝတို့ကို တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

မနုနုယဉ်။

အမည်ပြောင်း

ဦးမြတ်ကျော်ကျော်၏သမီး အထက (၁) လမ်းမတော်၊ပဉ္စမတန်း(B)မှ မထူးထက်ရှားအား မဆုစန္ဒီကျော်ဟု လည်းကောင်း၊ ဒုတိယတန်း(B)မှမောင်သတိုးအောင်အား မောင်သတိုးကျော်ဟုပြောင်းလဲခေါ်ပါရန်။

မဆုစန္ဒီကျော်၊
မောင်သတိုးကျော်။

Y.E.S.မှ အင်္ဂလိပ်စကားပြော သင်တန်းများ

၁၀-တန်း။ ၁၀-တန်းအောင်၊ ဘွဲ့ကြို၊ ဘွဲ့ရများအတွက် အင်္ဂလိပ်စကားပြော သင်တန်း

Basic Spoken English	AUG - 9,16,21,23,30
Pre-Intermediate English	AUG-16,21,23
Basic Writing, Intermediate English	AUG -21
Grammar Foundation Course	AUG - 23
Vocabulary Enrichment Course	AUG - 30
SAT (I), TOEFL, IELTS,SAT (II)	AUG - 3,23,28

No.119, Y.W.C.A Building, Bogalayzay St:, Botataung Tsp. 245821
No.190, 2nd Flr:, 28th St: (Upper), Pabedan Tsp. ☎ 243950

MCC ၏ လက်တွေ့အကျိုးရှိ ထိထိမိမိ သင်တန်းများ

◆ **Desktop Publishing Course** ၁၃ပတ် - (၁၈၀၀၀ိ/-)

အချိန်တိုကာလအတွင်း ကွန်ပျူတာဖြင့် စာစီစာရိုက် ဒီဇိုင်းရေးဆွဲခြင်းကို လက်တွေ့ပိုင်နိုင်ကျွမ်းကျင်စေရန် အခြေခံမှစ၍ သင်ကြားပေးပါသည်။

Budget Training Program

◆ **English Foundation Course** ၁၀ပတ် - (၅၀၀၀ိ/-)

အင်္ဂလိပ်စာ (Social & Business English) ကိုအခြေခံမှစ၍ အရေး၊ အဖတ်၊ အပြောနှင့် နားလည်နိုင်စွမ်းတို့ကို စနစ်တကျသင်ကြားပေးပါသည်။

သိမ်ကြီးဈေး (စီ) ရုံ၊ တတိယထပ်၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၂၉၈၁၊ ၃၀၅၂၀၄

AMBUR ELECTRONIC ၏ (၅)နှစ်ပြည့် အထူးဈေးရောင်းပွဲ (၁-၈-၂၀၀၄ မှ ၃၁-၈-၂၀၀၄ အထိ)

❖ အမှတ် (၁၇၈)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။ ☎ : ၂၅၂၂၀၉၊ ၂၅၂၂၀၈၊ ၂၄၅၄၀၈၊ ၂၄၅၄၃၇၊ ၂၄၅၈၀၇
❖ အမှတ် (၄၆၄/၄၇၀)၊ (၃၁)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ : ၂၅၂၆၄၂
❖ အမှတ် (၃၀)အေ၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ : ၂၅၃၈၀၁
❖ Tamwe Electronic Mart-အမှတ်(၂၁-၂၂-၂၃)၊ မေတ္တာရိပ်မွန်အိမ်ယာ၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ☎: ၇၂၆၀၅၄

တီဗွီ , အဝတ်လျှော်စက် , ရေခဲသေတ္တာ
Aircon, DVD, VCD နှင့်
အခြားအိမ်သုံး လျှပ်စစ်ပစ္စည်းများ

- လက်ဆောင်ပစ္စည်းများ
- ဗလာမပါ ကံကောင်းခြင်း ငွေသားလက်ဆောင်များ
- အပတ်စဉ် ကံထူးသူ ရွေးချယ်ပွဲများ
- ပွဲတော်အတွင်း ကံထူးသူ (၁၀)ဦးရွေးချယ်ပွဲ

အပတ်စဉ် ကံထူးသူများအတွက်
VCD တစ်လုံးစီ ချီးမြှင့်ပါမည်။

ပွဲတော်အတွင်း ကံထူးသူ (၁၀)ဦး
- 450 L, 2-Door FRIDGE
- 21" T.V + VCD
- အဝတ်လျှော်စက်
- MICROWAVE
- VACUUM CLEANER
- SOYA MILK MAKER နှင့်
အခြားအိမ်သုံးလျှပ်စစ်ပစ္စည်းများ

ကံထူးသူများအားလုံးကို Traders Hotel တွင် အခမ်းအနားနှင့်တကွ လက်ဆောင်များချီးမြှင့်ပါမည်။

ကျိုက်လတ်မြို့နယ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေဝါလတ်ခန်းမဆောင်၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးတင်ဝင်းက ဆုချီးမြှင့်စဉ်။ (ဝ၅၈)

ဆင်ဖြူကျွန်းမြို့၌ ဂုဏပူဇာပွဲနှင့် မှန်ကျောင်းဆောင် ရေစက်ချပွဲကျင်းပ

ဆင်ဖြူကျွန်း ဩဂုတ် ၂

နိုင်ငံတော်အစိုးရက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် ဆက်ကပ်ခံရသည့် နိုင်ငံတော်သံဃမဟာနာယက တာဝန်ဆောင်ရွက်တော်မူသော မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်တိုက် ပဓာနနာယက သိရီပဝရအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိဓဇအား ဂုဏပူဇာပွဲကို ဇူလိုင် ၂၅ရက်နှင့် ၂၆ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျပ်သိန်းရှစ်ဆယ်တန် မှန်ကျောင်းဆောင် ရေစက်ချတရားပွဲ ကျင်းပသည်။

ထို့နောက် ဇူလိုင် ၂၇ ရက်က သံဃာအပါး၁၄၀ကို ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး မွန်းလွဲ ၁နာရီတွင် ဝိဇယာနန္ဒ သိမ်ကျောင်းဆောင်ကြီး၌ ဂုဏပူဇာပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရာဘိဝံသက အစီအစဉ်များကို လျှောက်ထားတော်မူ၍ ဗဟိုသံဃာ့ဝန်ဆောင် ချောက်မြို့ ဆင်ဖြူကျွန်းတိုက်ဆရာတော် သာသနဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒနှင့် စဉ့်ကူးဆရာတော် ပါဠိပါရဂူ ဘဒ္ဒန္တဥတ္တမသာရတို့က ဆရာတော်ကြီးအား မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်စန်းဌေးတို့က ဂုဏပူဇာဖြင့် ပူဇော်ကြသည်။

မှတ်တမ်းဖြန့်ဝေ

အဆိုပါ စာချဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ ပြုစုတော်မူသည့် သိရီပဝရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကဝိဓဇ၏ သာသနာပြု မှတ်တမ်းစာစောင်များကို ဖြန့်ဝေသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဆရာတော်ကြီးအား ကျပ် ၂၂သိန်းကျော် ဝတ္ထုနှင့် ဒါတဗ္ဗတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက (ဝိဇယ)နန္ဒသိမ်ကျောင်းဆောင်အတွက်ကျပ်သုံးသိန်းနှင့် ဆေးရုံအတွက် ကျပ်တစ်သိန်းကို ကုသိုလ်ပြုတော်မူ၍ ရေစက်ချတရား ချီးမြှင့်တော်မူကြောင်း သိရသည်။ **(က-ပ)**

ဇူလိုင် ၂၇ရက်က ငဖဲမြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးမြင့်လှိုင်နှင့် ဝန်ထမ်းများ မြို့စိမ်းလန်းစိုပြည်ရေးအတွက် လမ်းလယ်ကျွန်းများတွင် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဖြူးမြို့နယ် စည်ပင်သာယာ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးညွန့်နှင့် ကညွတ်ကွင်းမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်ကြီးကြပ်ပြီး စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ စည်ပင်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ဇူလိုင် ၃၀ရက်က ကညွတ်ကွင်းအမှတ် ၁လမ်း၊ ဈေးတောင်လမ်း၊ အလယ်တန်းကျောင်းရှေ့နှင့် ရန်ကုန်-မန္တလေးကားလမ်းမဘေး ဝဲယာချုံနွယ်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ပျဉ်းမနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဇူလိုင်လအတွင်း ပျဉ်းမနားမြို့ကို ဖြတ်သန်းသည့် ရန်ကုန်-မန္တလေးလမ်းဘေးဝဲယာတစ်လျှောက် ပန်းစိုက်ခုံ ၄၀၀ တွင် ပန်းအလှပင် ငါးမျိုးကို မြေချစိုက်ပျိုးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဇော်နှင့် တာဝန်ရှိသူများ အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပဒေသာစာကြည့်တိုက် ခင်ဦးမြို့နယ်၌ ဖွင့်လှစ်

ခင်ဦး ဇူလိုင် ၃၁

ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မဒေါင်းလှကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ပညာပဒေသာစာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင်၂၀ ရက်ကကျင်းပရာ ဒေါ်ကြည်ကြည်ညွန့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်တင့်က မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးရေးကိုလည်းကောင်း၊ စာထောက်(၃) ဦးအောင်မင်းက ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိရေးကိုလည်းကောင်း ဟောပြောကြသည်။ အလားတူပင် အင်ကြင်းပင်၊ ရှင်မင်းတွေ၊ သရက်ကုန်း၊ ကင်းပြစ်နှင့် ပျဉ်ထောင်ကျေးရွာတို့တွင် စာကြည့်တိုက်များ ဖွင့်လှစ်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သနပ်ပင်မြို့ ကျွန်းသာယာအမက ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

သနပ်ပင် ဩဂုတ် ၂

ပဲခူးတိုင်း သနပ်ပင်မြို့ ဈေးပိုင်းရပ်ကွက် ကျွန်းသာယာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၈ရက်က ကျွန်းသာယာ အမက၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကြည်ဝင်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ပညာရည်ချွန်ဆုရရှိသူများကို ဆုများချီးမြှင့်ကြသည်။ ထို့နောက် မြို့နယ်အတွင်းရေးမှူး ဦးစိန်ထွန်းက ထူးချွန်ထက်မြက် ကျောင်းသား၊ ကျောင်းသူများအား ငွေကျပ်တစ်သောင်းစီ ချီးမြှင့်ကြသည်။ ဆက်လက်၍ သနပ်ပင်မြို့ စေတနာရှင်များ စုပေါင်းလှူဒါန်းသော ဗလာစာအုပ်များကို အလှူရှင်များကိုယ်စား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကြည်ဝင်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီချိုထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ယာပုံ)** (၃၄၇)

ရှင်းလင်းတင်ပြ

ဇူလိုင် ၂၀ရက်က မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပုသိမ်-မုံရွာလမ်းမှ လက်ပံတံခါး ကျေးရွာချင်းဆက်သွယ်သော ကျေးလက်ကျောက်ချောလမ်းမှ ပျက်စီးနေသောလမ်းပိုင်းပြုပြင်ခြင်းကို မကွေးတိုင်း စည်ပင်သာယာညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးနေမျိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇူလိုင် ၂၁ရက်က တာမွေမြို့နယ် ကျောက်မြောင်းပုသိမ်ညွှန့် အလေးမနှင့်ကာယဗလအသင်းသို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏကျွန်းရွှေမြိုင်လမ်း အမှတ် ၉၇/၂ နေ ဗိုလ်မှူးအောင်ဆန်း(အငြိမ်းစား)က မျိုးဆက်သစ်လူငယ် အလေးမ ကာယဗလ အားကစားမောင်များ ပေါ်ပေါက်လာရေးအတွက် ၎င်းကိုယ်တိုင် ငယ်စဉ်ကလေ့ကျင့်ခဲ့သော အလေးပြား ပေါင် ၈၀၊ ပေါင် ၄၀ နှစ်ချပ်ကို အသင်းရုံးတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိသော မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အမှုဆောင် ဦးဇော်ထွန်းသို့ လာရောက်လှူဒါန်းစဉ်။ (က-ပ)



တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်မှ ဝန်ထမ်းများစုပေါင်း၍ ဗိုလ်ချုပ်လမ်းမကြီး လမ်းဘေး ဝဲယာ သံလွင်ရေမြောင်းအတွင်း ရေစီးရေလာ ကောင်းမွန်ရေး အမှိုက်နှင့် နုန်းများဆယ်ယူရှင်းလင်းခြင်းကို ဇူလိုင် ၂၄ရက်က ဆောင်ရွက်ကြရာ မြို့နယ်တာဝန်ခံအရာရှိ ဦးအမ်လှသောင်းနှင့် ဌာနစိတ်တာဝန်ခံတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (က-ပ)

မြို့တွင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း တိုင်းစည်ပင်ညွှန်မှူးစစ်ဆေး ပန်းခြံအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှု ကွင်းဆင်းကြည့်ရှု

ဆားလင်းကြီး ဇူလိုင် ၂၅

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် ဇူလိုင် ၁၇ ရက်က ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့တွင်းလမ်း (တောင်စဉ်မင်းကြီးလမ်း) ကတ္တရာခင်းခြင်းလုပ်ငန်း (အပေါ်ပုံ) **နှင့် စည်ပင်သာယာအဖွဲ့ပိုင် ဗိုလ်ချုပ်ပန်းခြံအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။**

အဆိုပါလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအုန်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဟန်ထွေး တို့က ရှင်းလင်းပြသကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကိုယ့်အားကိုယ်ကိုး ရောင်ခြည်သစ် စာကြည့်တိုက်ဖွင့်

နမ့်ခမ်း ဇူလိုင် ၂၇

နမ့်ခမ်းမြို့နယ် ကုန်းဆာကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ရောင်ခြည်သစ် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၁၃ရက် နံနက်၁၀နာရီက ကျေးရွာ စာကြည့်တိုက် အဆောက်အအုံရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဇော်လတ်၊ မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဆိုင်ခမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးကစာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားကြသည်။

ပေးအပ်

ထို့နောက် ဌာနဆိုင်ရာနှင့်အသင်းအဖွဲ့များမှ စာအုပ် ၂၅၀ ကို ပေးအပ်လှူဒါန်းကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆောင်ရွက်

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်သူ ဇူလိုင် ၁၅ရက်က ဗိုလ်ချုပ်လမ်း တစ်လျှောက်ရှိ လမ်းလယ်ပန်းခုံများတွင် ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်းကို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဇူလိုင် ၂၇ ရက်က ရွှေကျင်မြို့ ရေခက်ခဲသော မြို့ပေါ် ရပ်ကွက်များတွင် လေးလက်မ စက်ရေတွင်းလေးတွင်း တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တူးဖော်ပြီးစီးသွားသော ကျွဲတဲရပ်ကွက်ရှိ စက်ရေတွင်းအား တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော် ကြီးကြပ်ဆောင်ရွက်စဉ်။

(က-ပ)

ကျေးလက် သတင်းနှင့် မြင်ကွင်း

ကောက်စိုက်စွမ်းရည်နှင့် လက်တွန်းထွန်စက်ပြိုင်ပွဲ ကလောမြို့၌ကျင်းပ

ကလော ဇူလိုင် ၂၈

ကလောမြို့နယ် မိုးရာသီကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်မျိုးစေ့ချပြိုင်ပွဲနှင့် လယ်ယာ(၁၆)လက်တွန်းထွန်စက်ပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်က ကလောမြို့နယ် အောင်ပန်းမြို့မကွင်း အမှတ်(၄)တွင် ကျင်းပရာ ကလောနယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သက်ဦးနှင့် တောင်ကြီးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ဟဲဟိုး(ဂ)အသင်းက ပထမ၊ တိုက်ရိုက်မျိုးစေ့ချပြိုင်ပွဲ၌ အောင်ပန်းမြို့မ(က)အသင်းက ပထမ၊ လယ်ယာ(၁၆)လက်တွန်းထွန်စက် ပြိုင်ပွဲတွင် သီခေါင်ကျေးရွာက ပထမဆုများ အသီးသီးရရှိကြပြီး ခရိုင်နှင့် ပြည်နယ်အဆင့်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မိုးစပါးစိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှု

ကသာ ဇူလိုင် ၁၁

ကသာခရိုင်အတွင်းရေးမှူး ဗိုလ်မှူးငွေးညွှန့်သည် ကသာမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ် မန်နေဂျာ ဦးမင်းအောင်၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူးဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက လမ်းခွကျေးရွာအုပ်စု ကွင်းအမှတ်-၇၃၃မှ တောင်သူ ဦးမြကြီး၏ မိုးစပါးစိုက်ပျိုးမှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။

ကသာမြို့နယ်တွင်ယခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးရန်ဧက ၁၇၀၀၀ လျာထားသည့်အနက် ၃၇၈၈ ဧက စိုက်ပျိုးပြီးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဩဂုတ်၁ရက်က ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စည်ပင်သာယာဈေးကြီးရှေ့ လမ်းဘေးဝဲယာရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိဦးမြတ်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။

(၁၅၈)

ပညာ့အလင်းစာကြည့်တိုက် သိန်းနီမြို့ မိုင်းလီအလက(ခွဲ)၌ဖွင့်

သိန်းနီ ဇူလိုင် ၂၁

သိန်းနီမြို့ မိုင်းလီ(စံပြ)ကျေးရွာအုပ်စု၌မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ့်အားကိုယ်ကိုး ပညာ့အလင်းစာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင်၁ရက်က မိုင်းလီအလက(ခွဲ)၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အဆိုပါစာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ရည်ရည်မွန်နှင့် မိုင်းလီအလက (ခွဲ) ကျောင်းအုပ်ဆရာမကြီးဒေါ်နော်ဖောမူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

စုပေါင်းသစ်ပင်စိုက်ပျိုး

ပြင်ဦးလွင် ဇူလိုင် ၁၅

ပြင်ဦးလွင်မြို့နယ်အတွင်း သစ်တောများ ပြန်လည်ပြုစုရေးနှင့် ထာဝရစိမ်းလန်းစိုပြည်ရေးအတွက် ပြင်ဦးလွင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့် ဦးဆောင်၍ ပြင်ဦးလွင်ခရိုင် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုးကြီးကုန်းကျေးရွာမှ ဥက္ကဋ္ဌဦးမျိုးတင့်နှင့် ရွာသူရွာသားများက ဓာတ်တော်ချိုင့် သစ်တောကြိုးဝိုင်းအတွင်းနှင့် ချမ်းမြေ့ရိပ်သာပတ်ဝန်းကျင်တို့တွင် ချယ်ရီ၊ ငု၊ ရေပိတုန်း၊ ခါတော်မိနှင့် စိန်ပန်း အရိပ်ရသစ်ပင်ပေါင်း ၂၀၀၀ကျော်ကို ဇူလိုင် ၄ရက်က စုပေါင်းစိုက်ပျိုးကြကြောင်းသိရသည်။ **(၂၈၀)**

တပ်ကုန်းမြို့တွင် မြတ်စွယ်တော်စာကြည့်တိုက်ဖွင့်

တပ်ကုန်း ဇူလိုင် ၂၂

တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ နောင်သခ်ါကျေးရွာ မြတ်စွယ်တော် စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက နောင်သခ်ါကျေးရွာတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဝေက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေးဝင်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားကာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးထွန်းကြည်(မောင်ကြည်မူ)ပျဉ်းမနားက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူးများ ပြောကြားကြသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလှူရှင်များက စာအုပ် စာစောင်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မွန်ပြည်နယ် မော်လမြိုင်မြို့
အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း
(ယခင်) ဂျာမဲ့ဆွန်အမျိုးသားကျောင်း (အမှတ်-၁၂) အထက်တန်းကျောင်း

အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် ၂၀၀၄ ခုနှစ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသားကျောင်းသူဟောင်းများ သိရှိတက်ရောက်နိုင်ပါရန်နှင့် စေတနာတတ်အားသရွေ့ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ရန်ကုန်လိပ်စာ
(၁) ဦးခင်မောင်စိုး ဖုန်း-၀၁-၅၄၅၈၃၃
(၂) ဦးလှဦး ဖုန်း(အိမ်)၀၁-၂၂၁၈၇၆ (ရုံး)၀၁-၆၈၃၁၅၂

မော်လမြိုင်လိပ်စာ
(၁) ဦးအောင်မြင့် ဖုန်း-၀၅၇-၂၁၃၆၀ အမှတ် (၁၀) အထက ကျောင်းအုပ်ကြီး
(၂) ဦးလှမင်း ဖုန်း ၀၅၇-၂၁၃၆၀
(၃) ဒေါ်ရီရီသိန်း ဖုန်း ၀၅၇-၂၁၃၉၄ ပါမောက္ခသင်္ချာဌာန၊ မော်လမြိုင်တက္ကသိုလ်
(၄) ဒေါ်မြဝင်းကြည် (အိမ်)ဖုန်း-၀၅၇-၂၁၅၈၉ (B.VS)

LCCI
Computerised Accounting Diploma
(ကွန်ပျူတာ စာရင်းကိုင်ဒီပလိုမာသင်တန်း)

LCCI မှ အောင်လက်မှတ်ရရှိမည်။
စာရင်းပညာအခြေခံရှိသူတိုင်းတက်ရောက်နိုင်ပါသည်။
သင်တန်းစတင်လက်ခံနေပါပြီ။

ဆက်သွယ်စုံစမ်းရန်- ဦးသူရရှိန်(MBA, CIMA Stage 3)
အမှတ် ၆၁၁၊ ၅လွှာ၊ မဟာဗန္ဓုလလမ်းနှင့် ၂၃ လမ်းထောင့်၊ လသာမြို့နယ်။ ဖုန်း-၂၈၇၃၄၀၊ ၀၉-၅၀-၀၃၄၉၉။

ကားအမြန်ရောင်းမည်
Range Rover
ကားနံပါတ် ၁ခ/---
97 Model ညှိနှိုင်းဈေး
ဖုန်း-၂၂၀၈၅၄**(ပွဲစားမလိုပါ)**

ဖခင်အမည်မှန်
အထက(၃)အင်းစိန် ဒသမတန်း (ဆ)မှ မောင်ဟိန်းကိုကိုမင်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မော် ၁၄/ကခန(နိုင်)၀၅၇၉၇၀ ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
ဓောင်ဘာလေသိန်းဆုဌာနခွဲ

အမှတ်-၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ရန်ကုန်မြို့။

ရက်စွဲ ။ ၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်

ကြေညာချက်

၁။ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လတွင် ဖွင့်လှစ်သော (၁၇၅) ကြိမ်မြောက် ၅ဝိ/-တန် ဓောင်ဘာ လေသိန်းဆုဖွင့်ပွဲမှ ရရှိသည့် အောက်ပါဆုလက်မှတ်ပေါင်း (၁၉၆၃) ဆုကို ယနေ့ တိုင် တောင်းခံခြင်း မရှိသေးပါ။

၂။ ဖော်ပြပါဆုရလက်မှတ်များကို ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့ အထိ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်ရှိ ဓောင်ဘာလေသိန်းဆုဌာနခွဲ၊ ညွှန်ကြားရေးမှူးထံတင်ပြ၍ ဆုငွေများကို တောင်းခံနိုင်ပါသည်။

၃။ ကျပ် ၂၀၀၀ဝိ/-အထက်ဆုငွေများကို ရန်ကုန်မြို့၊ ဓောင်ဘာလေသိန်းဆုဌာနခွဲတွင်သာ ထုတ်ပေးပါမည်။ ကျန်ဆုငွေများကို အထက်ပါရုံးအပြင် နယ်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူနိုင်ပါသည်။ မည်သည့်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူလိုကြောင်း အထက်ပါနေ့ မတိုင်မီ အကြောင်းကြားတောင်းခံနိုင်ပါသည်။

၄။ ကျပ် ၁၀၀၀ဝိ/-အပါအဝင် ဆုမဲစာရင်းများကို ပြည်နယ်/တိုင်း ပြည်တွင်းအခွန်ဦးစီးဌာနရုံးများ၊ ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ အသီးသီးရှိ ကြော်ငြာသင်ပုန်းများတွင် ကြေညာထားပါသည်။

၅။ အထက်ပါနေ့ ကျော်လွန်ပြီးနောက် တောင်းခံလာသော ဆုရလက်မှတ်များကို စဉ်းစားမည်မဟုတ်ဘဲ ပြည်သူ့ဘဏ္ဍာငွေ အဖြစ် သိမ်းသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။ ၃၁-၈-၂၀၀၄ ဘဏ္ဍာသိမ်းမည်။

(၁၇၅)ဘဏ္ဍာသိမ်း

ကျပ်(၅၀၀၀၀၀၀ဝိ)ဆုများ
ဆ-၆၂၈၅၃၉ သ-၉၈၀၈၇၉

ကျပ်(၆၀၀၀၀၀ဝိ)ဆုများ
ယ-၄၄၀၄၆၈ ဆ-၈၁၅၀၆၈ ဏ-၈၁၅၀၆၈ လ-၈၁၅၀၆၈ ကခ-၇၇၈၈၇၇
ယ-၈၁၅၀၆၈ ဆ-၉၈၀၈၇၉ န-၈၁၅၀၆၈ ဝ-၈၁၅၀၆၈ ကခ-၈၁၅၀၆၈
င-၈၁၅၀၆၈ ဇ-၇၇၈၈၇၈ မ-၉၈၀၈၇၉ ဟ-၈၁၅၀၆၈ ကက-၈၁၅၀၆၈
စ-၈၁၅၀၆၈ ၎-၈၁၅၀၆၈ ရ-၈၁၅၀၆၈ ဆ-၉၈၀၈၇၉ ကက-၉၈၈၉၀၅

ကျပ်(၅၀၀၀၀ဝိ)ဆု
ဏ-၄၉၈၀၀၅

ကျပ်(၂၀၀၀၀ဝိ)ဆုများ
ဈ-၆၆၃၄၄၄ ပ-၇၃၅၄၆၁ ကက-၈၅၆၅၉၁

ကျပ်(၁၀၀၀၀ဝိ)ဆုများ
ဝ-၇၇၈၈၇၇ သ-၉၈၀၈၇၁ သ-၉၈၀၈၇၃ သ-၉၈၀၈၇၅ သ-၉၈၀၈၇၇
သ-၉၈၀၈၇၀ သ-၉၈၀၈၇၂ သ-၉၈၀၈၇၄ သ-၉၈၀၈၇၆ သ-၉၈၀၈၇၈

ကျပ်(၈၀၀၀ဝိ)ဆုများ
ဂ-၆၅၅၄၁၈ ဋ-၈၉၂၀၈၅

ကျပ်(၅၀၀၀ဝိ)ဆုများ
က-၆၈၉၃၅၃ ခ-၈၁၅၀၀၂ ဓ-၇၀၅၁၈၆ ဘ-၄၄၆၈၀၉ ဘ-၈၄၅၄၄၃
က-၆၈၉၃၅၈ ခ-၈၁၅၀၅၁ ဝ-၇၀၆၇၁၀ ဘ-၄၄၆၈၁၈ ဘ-၈၄၅၄၄၄
က-၆၈၉၃၉၀ ခ-၈၁၅၀၅၃ ဝ-၇၀၆၇၁၂ ဘ-၄၄၆၈၄၀ ဘ-၈၄၅၄၄၅
င-၅၃၄၂၂၀ ထ-၉၈၈၉၁၀ ဝ-၇၀၆၇၁၄ ဘ-၄၄၆၈၄၆ ဘ-၈၄၅၄၄၆
င-၅၃၄၂၂၂ ထ-၉၈၈၉၁၆ ဝ-၇၀၆၇၄၂ ဘ-၄၄၆၈၄၇ ဘ-၈၄၅၄၄၇
င-၅၃၄၂၃၀ ထ-၉၈၈၉၂၄ ဝ-၇၀၆၇၄၄ ဘ-၄၄၆၈၆၀ ဘ-၈၄၅၄၄၈
င-၅၃၄၂၉၉ ထ-၉၈၈၉၂၈ ဝ-၇၀၆၇၈၄ ဘ-၄၄၆၈၆၁ ဘ-၈၄၅၄၄၉
င-၅၃၄၂၇၁ ထ-၉၈၈၉၅၂ ဝ-၇၀၆၇၈၆ ဘ-၄၄၆၈၆၂ ဘ-၈၄၅၄၆၇
င-၅၃၄၂၇၅ ထ-၉၈၈၉၅၄ ဝ-၇၇၈၇၀၂ ဘ-၄၄၆၈၆၃ ဘ-၈၄၅၄၆၈
င-၅၃၄၂၉၁ ထ-၉၈၈၉၅၅ ဝ-၇၇၈၇၅၇ ဘ-၄၄၆၈၆၄ ဘ-၈၄၅၄၈၅
င-၅၃၄၂၉၃ ထ-၉၈၈၉၆၃ ဝ-၇၇၈၇၆၀ ဘ-၄၄၆၈၆၅ ယ-၄၃၄၆၂၂
ဝ-၇၂၂၃၄၂ ထ-၉၈၈၉၆၅ ဝ-၇၇၈၇၆၁ ဘ-၄၄၆၈၆၆ ယ-၄၃၄၆၃၂
ဝ-၇၂၂၃၄၇ ထ-၉၈၈၉၈၉ ဝ-၇၇၈၇၆၂ ဘ-၄၄၆၈၆၇ သ-၉၈၀၈၆၃
ဝ-၇၂၂၃၆၇ ဓ-၅၂၇၁၁၃ ဝ-၇၇၈၇၆၃ ဘ-၄၄၆၈၆၈ သ-၉၈၀၈၆၅
ဆ-၉၉၅၀၂၂ ဓ-၅၂၇၁၁၆ ဝ-၇၇၈၇၆၄ ဘ-၄၄၆၈၆၉ ဟ-၃၈၈၉၇၁
ဆ-၉၉၅၀၃၄ ဓ-၅၂၇၁၁၈ ဝ-၇၇၈၇၆၅ ဘ-၄၄၆၈၈၃ ဟ-၃၈၈၉၈၀
ဆ-၉၉၅၀၈၂ ဓ-၅၂၇၁၁၉ ဝ-၇၇၈၇၆၆ ဘ-၈၄၅၄၀၁ ဟ-၃၈၈၉၉၁
ဆ-၉၉၅၀၈၀ ဓ-၅၂၇၁၂၂ ဝ-၇၇၈၇၆၇ ဘ-၈၄၅၄၄၀ ဟ-၃၈၈၉၉၈
ဆ-၉၉၅၀၈၆ ဓ-၅၂၇၁၂၆ ဝ-၇၇၈၇၆၈ ဘ-၈၄၅၄၄၁ ကခ-၅၁၆၇၇၁
၎-၁၃၂၈၀၀ ဓ-၅၂၇၁၂၉ ဝ-၇၇၈၇၆၉ ဘ-၈၄၅၄၄၂ ကခ-၅၁၆၇၇၉
ခ-၄၄၀၄၇၈ ဓ-၇၀၅၁၈၂

ကျပ်(၄၀၀၀၀ဝိ)ဆုများ
ယ-၁၉၇၂၇၅ ၎-၈၃၉၀၃၄ မ-၃၆၂၆၄၁ ဝ-၄၄၃၉၅၀ လ-၃၂၂၅၀၀
၎-၄၃၁၄၁၂ ထ-၈၃၇၇၅၁ ဖ-၄၉၃၈၆၀

ကျပ်(၂၀၀၀၀ဝိ)ဆုများ

က
၂၅၇၆၅၃ ၉၃၂၉၄၆
ခ
၃၅၈၄၈၇ ၄၆၁၄၁၄ ၅၉၂၈၀၁
ဂ
၃၁၄၀၂၇ ၆၅၆၀၀၉ ၇၁၆၀၄၈
ဃ
၄၈၃၇၁၈
င
၂၄၉၁၉၉ ၄၈၉၇၃၂
စ
၂၅၀၁၁၀ ၆၉၄၄၀၀ ၉၈၁၁၉၂
ဆ
၃၉၉၆၅၈
ဇ
၃၁၁၇၅၃ ၃၅၆၁၅၅ ၈၈၂၅၈၀ ၉၀၂၀၉၃
ဈ
၁၈၂၆၆၅ ၄၇၇၅၀၈ ၅၉၈၈၈၈
ည
၁၀၀၈၅၃ ၁၃၅၅၇၂
ဋ
၁၄၃၅၄၁ ၄၅၃၉၆၉
ဌ
၆၇၀၄၈၅ ၇၀၉၇၁၄ ၉၃၈၆၁၈
ဍ
၃၇၄၅၁၅ ၃၈၅၄၇၁ ၆၅၅၀၈၇ ၇၂၄၇၅၆
ဏ
၃၉၄၁၄၄ ၈၃၉၅၉၃
တ
၁၆၅၅၇၆ ၄၂၀၀၆၇
ဒ
၄၃၀၂၇၆ ၅၀၃၄၆၁
ဓ
၂၆၁၇၉၆
န
၂၂၂၀၃၅
ပ
၇၁၈၉၀၆ ၇၅၄၇၈၇
ဖ
၂၀၁၉၅၀ ၄၃၉၈၀၂ ၄၅၀၃၄၅ ၉၉၁၆၁၁
ဗ
၁၈၅၆၉၀ ၃၃၈၄၃၃ ၇၁၅၉၅၃ ၈၄၆၉၈၁
ဘ
၃၀၁၁၁၉ ၄၁၂၆၃၃
မ
၅၆၂၃၄၇ ၈၃၂၉၉၁
ယ
၁၃၅၇၂၅
ရ
၄၁၄၈၂၅
လ
၄၄၈၅၁၉ ၆၇၀၆၁၈ ၆၉၉၄၁၈
ဝ
၃၂၉၅၆၅ ၄၄၅၈၆၃
သ
၁၁၅၃၂၅ ၃၁၇၂၂၂ ၆၇၉၁၆၄
ဟ
၂၂၉၀၁၂ ၄၂၈၀၈၄ ၄၃၅၁၇၆ ၅၈၂၀၈၃ ၉၂၀၄၅၀
အ
၇၉၃၆၆၀
ကက
၁၄၉၃၇၈ ၁၈၇၉၀၆ ၃၀၈၃၉၉
ကခ
၃၇၅၆၀၂ ၅၄၉၁၀၆

တိပိဋက-နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့
၁၃၆၆-ခု၊ မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေတွင်
မိုးမိတ်စေတီတော်ကြီးများ (၄၄) ကြိမ်မြောက် ဗုဒ္ဓါဘိသေကမင်္ဂလာပွဲတော်နှင့်
တိပိဋကဓရ တိပိဋကကောဝိဒ၊ တိပိဋကဓရ ဆရာတော် ၂ ပါး ဂုဏ်ပူဇော်ပွဲတော်ကို
တပေါင်းတည်း ကျင်းပပြုလုပ်မည် ဖြစ်ပါ၍

လှူဒါန်းနိုင်ပါရန် နိုးဆော်အပ်ပါသည်

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများမှ ၁၃၆၅-၆၆ခု(၂၀၀၃-၀၄)(၅၆)ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲ၌ အောင်မြင်တော်မူခဲ့သော တိပိဋကဓရ ကောဝိဒအရှင်ဥက္ကံသပါလ၊တိပိဋကဓရအရှင်ဣန္ဒာစရိယ ၂ပါးအပါအဝင် ပိဋကစာအောင်သံဃာတော်(၃၃)ပါးနှင့်ဘွဲ့ရ(၄၀)၊ ကျမ်းစွဲ(၇၇)ပါး ဆရာတော် သံဃာတော်များအား ဂုဏ်ဝိသိဋ္ဌပူဇာပွဲတွင်သင်္ကန်းဒွိစုံများ၊သာမဏေနှင့် သီလရှင်ဝတ်စုံများ၊ နဝကမ္မဝတ္ထုငွေများ လှူဒါန်းနိုင်ကြပါကြောင်း နိမ္မာန်အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

ပင့်သံဃာတော် ၇၅၀ ပါး၊ သာမဏေနှင့်သီလရှင်အပါး ၇၅၀ စသည်ဖြင့် ဘွဲ့ရသံဃာတော်တစ်ပါးလျှင် စီဝိုင်စီသင်္ကန်းတစ်စုံ ၅၀၀ဝိ၊ ပင့်သံဃာတော်များအတွက် ပေါ် ပလင်သင်္ကန်းဒွိစုံတစ်စုံလျှင် ၃၅၀ဝိ၊ ဝတ္ထုငွေ ၅၀၀၀ နှင့် သာမဏေ၊သီလရှင်ဝတ်စုံတစ်စုံလျှင် ၃၅၀ဝိ/- နှုန်းဖြင့်လှူဒါန်းနိုင်ပါသည်။

ဗုဒ္ဓါဘိသေကမင်္ဂလာပွဲကို ၁၃၆၆ခုနှစ်၊တော်သလင်းလဆန်း(၅)ရက်နေ့မှ(၈)ရက်နေ့အထိ(၁၈-၉-၂၀၀၄) မှ (၂၁-၉-၂၀၀၄)ထိ ကျင်းပသွားမည်ဖြစ်၍၊ စာရေးတံမဲအလှူနှင့်ဆွမ်းတော်ကြီးလောင်းလှူပွဲများကိုပါ လှူဒါန်းကြမည်ဖြစ်ပါသည်။

တိ-နိကျောင်းတိုက်ကြီးများမှထွက်ခွာ၍ မြို့နယ်အသီးသီးတွင်သီတင်းသုံးနေထိုင်တော်မူကြသော ဆရာတော်သံဃာတော်များအား ဗုဒ္ဓါဘိသေကမင်္ဂလာပွဲတော်သို့ကြွရောက်ကြပါရန်ရှိသေ လေးမြတ်စွာ ပင့်လျှောက်အပ်ပါသည်။ ဗုဒ္ဓါဘိသေကဘုရားပွဲတော်သို့လိုက်ပါလိုသူများ တစ်ပတ်ကြိုတင်၍ တိ-နိ ရန်ကုန်ဌာနသို့ စာရင်းပေးပို့ရပါမည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ
၁။ **တိပိဋကကျောင်းတော်**။ အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉
၂။ တိ-နိ မန္တလေးဌာန၊ အမှတ် ၁၉၊ ၂၆ လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၃၀၁၉၀၊
၃။ တိ-နိ စစ်ကိုင်းဌာန၊ စစ်ကိုင်းမြို့ မဈေးကြီး၊ အရှေ့ဘက်တိုက်တန်းသစ်၊ စစ်ကိုင်းမြို့။
ဖုန်း ၀၇၂-၂၁၇၀၅၊ ၂၁၅၄၄
၄။ တိ-နိ ပြင်ဦးလွင်၊ ဥက္ကဋ္ဌ ဦးစောရီ (ရတနာမြင့်ဆန်စက်)၊ ညီတောရပ်၊ ပြင်ဦးလွင်မြို့။ ဖုန်း ၀၈၅-၂၂၄၇၅

အမှုဆောင်အဖွဲ့
တိ-နိ ရန်ကုန်ဌာန

မင်းကွန်းဆရာတော်ဘုရားကြီး၏
တိပိဋကဓရ ရွှေရတုနှင့် တိပိဋက - နိကာယ ငွေရတု

ထိုးချဲ့ ကျောင်းတော်ကြီး

ဆောက်လုပ်နေပြီဖြစ်၍ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါသည်

အလျား-၁၆၀ ပေ၊အနံ-၆၈ ပေ ရှိသော ရွှေရတု-ငွေရတု တိပိဋကကျောင်းတော်ကြီးကို အမှတ်-၁၆၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် အများပြည်သူစုပေါင်းကောင်းမှုဖြင့်တည်ဆောက်မည်ဖြစ်၍ ထာဝရကုသိုလ်ထူးကြီး ကိုမွမိတ်ဆွေများအား နိမ္မာန်အကျိုးမျှော်၍ လှူဒါန်းနိုင်ကြပါရန် နိုးဆော်အပ်ပါသည်။

(၁) ၁ ပေ ပတ်လည် - ကျပ် ၁၀၀၀၀
(၂) ၅ ပေ × ၁၀ ပေ ပတ်လည် - ကျပ် ၅၀၀၀၀၀
(၃) ၁၀ ပေ × ၁၀ ပေ ပတ်လည် - ကျပ် ၁၀၀၀၀၀၀
(၄) တိပိဋကစာခြေဆရာတော်တစ်ပါးစာ အခန်းတစ်ခန်းအတွက် - ကျပ် ၂၀၀၀၀၀၀
(၅) တိပိဋကနာယကဆရာတော်တစ်ပါးစာ အခန်းတစ်ခန်းအတွက် - ကျပ် ၅၀၀၀၀၀၀
(၆) သံကားတစ်စီး - ကျပ် ၁၀၀၀၀
(၇) ကျောက်စရစ်ကားတစ်စီး - ကျပ် ၃၀၀၀၀
(၈) ဘိလပ်မြေတစ်အိတ် - ကျပ် ၃၀၀၀

ဆက်သွယ်လှူဒါန်းနိုင်သော ဌာနများ

တိ-နိ ရန်ကုန်ဌာန
တိပိဋကကျောင်းတော်၊
အမှတ် ၁၂စကားဝါလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

တိ-နိ မန္တလေးဌာန
အမှတ် (၁၉)၊ ၂၆လမ်း၊ (ဘီ)၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့။
ဖုန်း-၀၂-၃၀၁၉၀

အများသိစေရန်ကြေညာချက်

၁။ စမ်းချောင်းမြို့နယ်၊ ကျွန်းတော (တောင်)ရပ်ကွက်၊ မအူပင်လမ်း၊ အမှတ် (၄၂)၏ ခေါင်းရင်းခြမ်းဖြစ်သော မြေကွက်အကျယ် (၁၂½'× ၅၀') ပေတွင် ပိုင်ရှင်ဒေါ်မြသွယ် (AA ၁၁၀၄၁၈) မှ (၃)ထပ်တိုက်အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။

၂။ ယင်းသို့လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ရက်ပေါင်း (၁၅)ရက်အတွင်း ဤဌာနသို့ လျှောက်ထားကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း
ဦးညိုမောင်၏သမီး မကြည်ကြည်မြင့် ၁၂/ဒဂတ (နိုင်) ၀၁၃၅၉၂ အား မခင်ခင်စောဟု ပြောင်းလဲခေါ်ပါရန်။
မခင်ခင်စော။

ဖခင်အမည်မှန်
ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ် အ-ထ-က(ခွဲ)ဖအောင်ဝဲ၊ဒသမတန်း(ခ)တွင် ပညာသင်ကြားနေသော မအေးအေးခိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးကြည် ၇/ဒဥန(နိုင်) ၁၀၅၆၄၂ ဖြစ်ပါကြောင်း။

ကျေးဇူးတင်ရှိခြင်း
၂၆-၇-၂၀၀၄ ရက်တွင်ကွယ်လွန်သွားသော ရန်ကုန်အဝေးသင် သင်္ချာဌာန ပါမောက္ခ ဌာနမှူးဦးမောင်မောင်၏ ဈာပနနှင့်ရက်လည်တို့တွင် လာရောက်ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေမျိုးများ၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့မှ အကြီးအကဲများ၊ တက္ကသိုလ် အသီးသီးရှိ သက်ဆိုင်ရာဌာနမှ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် ရပ်နီးရပ်ဝေးမှ ဝိုင်းဝန်းကူညီပံ့ပိုး သတင်းမေးကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။
ကျန်ရစ်သူမိသားစု။

အမွေပြတ်စွန့်လွှတ်ခြင်း
သဃ်န်းကျွန်းမြို့နယ် အမှတ် ၈၆၂၊ ၂-လမ်း ငမိုးရိပ်ရပ်ကွက်နေ ဦးတင်စိန်၏သား မောင်ကျော်ဝင်း TGKN -၀၁၅၅၀၃သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဖခင် - ဦးတင်စိန် ၁၂/သဃက(နိုင်)၀၄၉၅၁၁။

လက်ထပ်ပြီးစီးခြင်း

အင်းစိန်မြို့ တောင်သူကုန်းရပ်ကွက် တန်းမြင့်ကျောင်းလမ်း အမှတ်(၈)နေ ဦးမြသင်း–ဒေါ်ခင်ကြည်တို့၏သားငယ်

မောင်ခင်ဇော် B.A (Geog) A.G.T.I (M.P) နှင့်

အင်းစိန်မြို့ နံ့သာကုန်းရပ်ကွက် ရှမ်းကုန်းလမ်း အမှတ် (၉၁၆)နေ ဦးကော်လူယောရှ–ဒေါ်မေရီတို့၏သမီးငယ်

မကော်လူရှယ်လီဘောက်မိုင် B.A (History)

(Boss Video)

တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူခွင့်ပြုချက်အရ ၁၃–၇–၂၀၀၄ရက် အင်္ဂါနေ့တွင် မောန္ဒေလဘုရားကျောင်းတွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ခင်ဇော်–မကော်လူရှယ်လီဘောက်မိုင်။

ပိဋကတ်သုံးပုံလာ ဝတ္ထုအားလုံးကို တစ်ထိုင်တည်းနဲ့ ဖတ်ရှုနိုင်၍ တစ်ခဏချင်း ရှာတွေ့နိုင်ရန် အထူး စီစဉ်ထားသော

ဓမ္မဗိမာန်

ပိဋကတ်ဝတ္ထုလမ်းညွှန်

ဖြန့်ချိရေး-သစ္စာမဏ္ဍိုင်စာပေ ၀၉-၈၀၂၁၆၈၀၊ ၃၈၃၇၅၂
ဓမ္မဗိမာန်-၂၁၁၃၅၉၊ ၂၂၅၉၀၇



အမည်ပြောင်း

အဖ ဦးထွန်းသိန်း၏ သမီးများဖြစ်သော မထက်ထက်အောင်အား မထက်ထက်လှိုင်ဟု လည်းကောင်း၊ မထက်ထက်လှိုင်အား မနွယ်နွယ်လှိုင်ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

မထက်ထက်လှိုင်
မနွယ်နွယ်လှိုင်။

ဖခင်အမည်မှန်

ပဲခူးတိုင်း အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာမ ဒေါ်သန်းစိန်၏ အမှုထမ်းစာအုပ်အရ ဖခင်အမည်မှန်မှာ ဦးသောင်းရွှေဖြစ်ပါသည်။

တိုက်ခန်းရောင်းမည်

စမ်းချောင်းနေရာသန့် ၁၅'X၆၀' ဘေးပြတင်း ၅ ပထမထပ် ရှေ့နောက်ဝရန်တာ အရှေ့ဘက်မျက်နှာစာလှည့် (ညှိနှိုင်းဈေး) ဖုန်း– ၅၀၂၈၈၅ ကျောင်း၊ ဈေးနီး

အမည်ပြောင်း

ဦးစိုင်းပန်းအောင်၏ သား အထက(၁) တောင်ကြီးမြို့ အဋ္ဌမတန်း (A)မှ စိုင်းထွန်းဆိုင်အောင်အား စိုင်းထွန်းဟိန်းအောင်ဟုလည်းကောင်း၊ သမီး ပဥ္စမတန်း(B)မှ နန်းသိရီအောင်အား နန်းခမ်းထွေးဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

စိုင်းထွန်းဟိန်းအောင်
နန်းခမ်းထွေး၊တောင်ကြီး။

ကန့်ကွက်နိုင်ပါသည်

တောင်ကြီးမြို့ သစ်တောရပ် နဝရတ်လမ်း၊ အမှတ် ၁၂၊ အကွက်အမှတ်(၂၅)၊ ဦးပိုင်အမှတ် ၁၉မှ ခွဲစိတ်ဖြစ်ပေါ်လာသော အကွက်အမှတ် ၂၅၊ ဦးပိုင်အမှတ် ၁၉–က၊ ဧရိယာ ၀ဒသမ၀၆၇ အား ခွဲစိတ်မြေငှားဂရန် လျှောက်ထားရာ ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ ၃၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်နန်းဟောင်
BA – ၀၀၅၃၁၈
တောင်ကြီးမြို့။

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၈၁၊ မြေကွက်အမှတ် ၆ဘီ ၁/က၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၅ ဧက အကျယ်အဝန်းရှိ မြေပိုင်မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၅၂၉(က)၊ မာလာမြိုင်ရိပ်သာလမ်း၊ အမှတ်(၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံအား အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဒေါ်မြမြဆင့် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ကမရ(နိုင်)၀၄၄၁၈၃]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေပိုင်မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးအုန်းရွှေ
LL.B,D.B.L,D.M.L,D.A.Psy
အထက်တန်းရှေ့နေ
အမှတ်(၉)၊အခန်း(၆)၊ ၃၄ လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြင့်မြင့်

အသက်(၈၁)နှစ်

ပညာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၏ မိခင် ဒေါ်မြင့်မြင့် (အသက် ၈၁ နှစ်)သည် ၂–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြင့်မြင့်

အသက်(၈၁)နှစ်

ပညာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၏ မိခင် ဒေါ်မြင့်မြင့် (အသက် ၈၁ နှစ်)သည် ၂–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာစာအဖွဲ့ဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြင့်မြင့်

အသက်(၈၁)နှစ်

ပညာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၏ မိခင် ဒေါ်မြင့်မြင့် (အသက် ၈၁ နှစ်)သည် ၂–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အလှကုန် ပစ္စည်းစက်ရုံအတွက် အောက်ဖော်ပြပါ ရေမွှေးပုလင်းခွံ နှစ်မျိုးဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမည်	အရေအတွက်	တင်ဒါပိတ်မည့်ရက်
၁။	(၂၀) စီစီရေမွှေး ပုလင်းခွံ (Bottle+Cap)	၃၀၀၀၀–ခုရေ	၁၀–၈–၂၀၀၄ (၁၄း၀၀) နာရီ
၂။	(၃၀)စီစီရေမွှေး ပုလင်းခွံ (Bottle+ Nozzle+Cap)	၃၀၀၀၀–ခုရေ	״

၂။ အသေးစိတ်အကြောင်းအရာများကို အလှကုန်ပစ္စည်းစက်ရုံတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပြီး တင်ဒါပုံစံများ ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်တယ်လီဖုန်းအမှတ် – ၅၇၇၅၅၈၊ ၅၆၅၁၇၂။

ဒေါ်မေလီ (မန္တလေး)

တရုတ်ဘာသာ (အိမ်သို့လိုက်သင်သည်)

အရေး၊ အဖတ်၊ အပြော

(အခြေခံမှစ၍ သင်ပေးသည်)

ဖုန်း–၅၃၉၈၁၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်–၅၊ နည်းဥပဒေ–၂၀
စမ်းချောင်းမြို့နယ်တရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၈

ဦးစံတင်
အမှတ် ၂၇၊ သရက်တောလမ်း၊
စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။

တရားလို

နှင့် ၁။ ဦးခင်ဇော်
၂။ ဦးခင်မော်
၃။ ကိုဝင်းဝင်းကျော်
အမှတ် ၁၈၊ မအူပင်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တရားပြိုင်များ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အမှတ် ၁၈ နေ ဦးခင်ဇော်၊ ဦးခင်မော်၊ ကိုဝင်းဝင်းကျော် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားလိုက ပဋိညာဉ်အတိုင်းစာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့ (၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်တကွ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မျိုးမျိုးစုကျော်
ဒုတိယမြို့နယ်တရားသူကြီး(၂)
စမ်းချောင်းမြို့နယ်တရားရုံး။

Ruby Dragon Jade & Gems Co., Ltd.

ဝန်ထမ်းအလိုရှိသည်

(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

စဉ်	ရာထူး	လုပ်ငန်းအတွေ့အကြုံ	ပညာအရည်အချင်း	ဦးရေ
	(က) **သတ္တုတူးဖော်ရေးအင်ဂျင်နီယာ**			
၁	အလုပ်သင်အင်ဂျင်နီယာ	–	AGTI (Mining)	၂၀
၂	အငယ်တန်းအင်ဂျင်နီယာ	(၃–၅)နှစ်	AGTI (Mining)	၁၅
၃	လက်ထောက်အင်ဂျင်နီယာ	(၅–၁၀)နှစ်	B.E (Mining)	၁၀
၄	အကြီးတန်းအင်ဂျင်နီယာ	(၁၀–၁၅)နှစ်	B.E (Mining)	၅
	(ခ) **စက်မှုအင်ဂျင်နီယာ**			
၅	အငယ်တန်းအင်ဂျင်နီယာ	(၃–၅)နှစ်	AGTI (MP/MT)	၅
၆	လက်ထောက်အင်ဂျင်နီယာ	(၅–၁၀)နှစ်	B.E(Mechanical)	၃
၇	အကြီးတန်းအင်ဂျင်နီယာ	(၁၀–၁၅)နှစ်	B.E (Mechanical)	၂
	(ဂ) **လျှပ်စစ်အင်ဂျင်နီယာ**			
၈	အငယ်တန်းအင်ဂျင်နီယာ	(၃–၅)နှစ်	AGTI (EP)	၅
၉	လက်ထောက်အင်ဂျင်နီယာ	(၅–၁၀)နှစ်	B.E (EP)	၃
၁၀	အကြီးတန်းအင်ဂျင်နီယာ	(၁၀–၁၅)နှစ်	B.E(EP)	၂
	(ဃ) **ဘူမိပညာရှင်**			
၁၁	အလုပ်သင်ဘူမိ		B.Sc(Geology)	၁၀
၁၂	အငယ်တန်းဘူမိ	(၃–၅)နှစ်	B.Sc (Geology)/DAG	၅
၁၃	လက်ထောက်ဘူမိ	(၅–၁၀)နှစ်	B.Sc(Geology)/DAG	၃
၁၄	အကြီးတန်းဘူမိ	(၁၀–၁၅)နှစ်	B.Sc(Geology)/DAG	၂
	(င) **လွန်တူးကျွမ်းကျင်**			
၁၅	လွန်တူး(၂)	(၃–၅)နှစ်	လုပ်ငန်းကျွမ်းကျင်သူ	၆
၁၆	လွန်တူး(၁)	(၅–၁၀)နှစ်	လုပ်ငန်းကျွမ်းကျင်သူ	၄
	(စ) **စက်ယန္တရားကြီးမောင်း**			
၁၇	စက်ယန္တရားကြီးမောင်း(၂)	(၃–၅)နှစ်	စက်ယန္တရားကြီးများ	၃၀
၁၈	စက်ယန္တရားကြီးမောင်း(၁)	(၅–၁၀)နှစ်	ကျွမ်းကျင်စွာမောင်းနှင်နိုင်သူ	၂၀

လျှောက်ထားသူများသည် အောက်ပါအချက်အလက်များနှင့် ပြည့်စုံရပါမည်–

(က) အသက် (၄၅)နှစ်ထက် မကြီးသူ၊ ကျန်းမာသန်စွမ်းသူ ဖြစ်ရပါမည်(လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပါမည်။)

(ခ) လျှောက်ထားသူ၏ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံများကို အခြေခံ၍ သင့်တော်မည့် ဝင်ပေါက်ရာထူးများကို ခန့်ထားပေးပါမည်။

(ဂ) လုပ်ငန်းသဘာဝအရ နယ်တူးဖော်ရေးစခန်းတွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရပါမည်။

လျှောက်လွှာနှင့်အတူ ကိုယ်ရေးအချက်အလက် (C.V)၊ ဓာတ်ပုံ (၃)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အောင်လက်မှတ်မိတ္တူများ ပူးတွဲပါရှိရပါမည်။

အလုပ်လျှောက်လွှာများကို အောက်ပါလိပ်စာများအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

(က) Ruby Dragon Jade&Gems Co.,Ltd. (ရန်ကုန်ရုံးချုပ်)
အမှတ် (၆၇)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

(ခ) Ruby Dragon Jade & Gems Co., Ltd. (မန္တလေးရုံးချုပ်)
အမှတ် တ–၇/စ–၂၊ ၆၉ လမ်းနှင့် သိပ္ပံလမ်းထောင့် မန္တလေးမြို့။
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

အကြောင်းကြားစာ

ရန်ကုန်တိုင်းတရားရုံး
၁၉၉၇ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၅၇၀

ဦးလှထွန်း လျှောက်ထားသူ

[ကွယ်လွန်သူ မရန်(ခ)မရန်ဘီဘီ – ကျန်ရစ်ခဲ့သောပစ္စည်းများနှင့် ပတ်သက်၍ အမှုအရေးတွင် သက်ဆိုင်သူများ]

အထက်အမည်ပါလျှောက်ထားသူက ကွယ်လွန်သူ မရန်(ခ)မရန်ဘီဘီ၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်စာကို (၁၉–၂–၂၀၀၄) ရက်နေ့က ထုတ်ပေးပြီးဖြစ်ကြောင်းနှင့်လျှောက်ထားသူမှ အထက်ပါ ကွယ်လွန်သူ၏ ကျန်ရှိရစ်သောပစ္စည်းများအပေါ် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ စသည့် လိုအပ်သောစာချုပ်များကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ချုပ်ဆိုခြင်း၊ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုခြင်းအတွက် မြေပုံမြေရာဇဝင်ကူးယူခွင့် လျှောက်ထားခြင်း၊ မြေတိုင်းတာခြင်း၊ မြေဂရန်အမည်ပြောင်းခြင်း၊ ဂရန်မိတ္တူ လျှောက်ထားခြင်း စသည့် မြေနှင့်ပတ်သက်သည့် ကိစ္စအဝဝပြုလုပ်နိုင်ရန် အတွက် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ အရ လျှောက်ထားလာသည်ဖြစ်၍ ၎င်းလျှောက်လွှာကို ၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် (၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်)နေ့ နံနက် ၁၀းနာရီအချိန်တွင် ကြားနာစစ်ဆေးရန် ချိန်းဆိုထားကြောင်းနှင့်ဆိုခဲ့သည့် အထက်ပါကွယ်လွန်သူ၏ ပစ္စည်းများအရေး ကိစ္စတွင် ပတ်သက်သူ မည်သူမဆို အထက်ဖော်ပြပါရုံးချိန်၌ ဤရုံးသို့ လာရောက်ကန့်ကွက်လျှောက်ထားနိုင်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ထိန်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

အမြန်ရောင်းမည်

သုဝဏ္ဏ၊ စရည်းပင်လမ်း ပေ၆၀ x ၇၅ပေ၊ နှစ် (၆၀)ဂရန် ညှိနှိုင်းဈေး (ပွဲစားမလိုပါ) ဖုန်း–၂၂၉၄၀၀၊ ၂၂၀၈၅၄။

ရောင်း၊ ဝယ်၊ ငှားမည်

Junction-8ကိုးလွှာရောင်းမည်။
Hi Ace ဝယ်မည်။
ခရီးစဉ်မျိုးစုံအတွက် Aircon Mini Bus, Saloon မျိုးစုံ ငှားရန်ရှိသည်။ အကျိုးတူ ပူးပေါင်းလိုသူများ ဆက်သွယ်နိုင်ပါသည်။

ဖုန်း–၅၂၄၆၈၆။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မောင်ဝင်းဗိုလ် ၉/ဝတန(နိုင်) ၁၁၂၄၀၉ သည် မိဘဆိုဆုံးမမှုကို နားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ထွက်သွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စလုံးဝတာဝန်မယူပါ။
(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

ဦးလှသန်း
၉/ဝတန(နိုင်)၀၁၁၀၈၇
ဝမ်းတွင်းမြို့။

ဦးသိန်းထွန်း (ဖျာပုံမြို့)
အသက်(၇၆)နှစ်

ဖျာပုံမြို့၊ (၂)ရပ်ကွက်၊ အမှတ် ၈၊ ရွှေနတ်ကူဘုရားလမ်းနေ(ဒေါ်သောင်းတင်)၏ခင်ပွန်း၊ မမိမိခိုင်၊ (ကိုကျော်ကျော်ထွန်း)၊ မလွင်လွင်ထွန်း၊ ကိုညီညီအောင်–မသင်းသင်းထွန်း၊ ကိုထွန်းထွန်း–မသိန်းသိန်းအေးတို့၏ဖခင်၊ မောင်ကောင်းသုဝေ၊ မဟန်နီထွန်း၊ မောင်အောင်ထွန်းခန့်တို့၏အဘိုးသည် ၆–၈–၂၀၀၄ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
ဦးထွန်းရင်ဦး (ရမ်းဗြဲ၊ ကျောက်နီမော်)
အသက်(၆၈)နှစ်

၃–၈–၂၀၀၄ရက်(အင်္ဂါနေ့)တွင်ကွယ်လွန်ခဲ့သော ရွှေဗဟိုရ်စည်မိသားစု၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းရင်ဦး မကွယ်လွန်မီ အစဉ်ဂရုစိုက်စောင့်ရှောက်ကုသပေးခဲ့သော အဆုတ်နှင့်ရင်ခေါင်း အထူးကုဆရာဝန်ကြီးနှင့် အာရှတော်ဝင် နှလုံးအထူးကြပ်မတ်ကုသဌာနမှဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ၅–၈–၂၀၀၄ရက် (ကြာသပတေးနေ့) ဖခင်ကြီး၏ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှအားပေးကူညီခဲ့ကြသူများ၊ လိုက်ပါပို့ဆောင်သူများ၊ ပန်းခြင်းပေးပို့သူများ၊ တယ်လီဖုန်း၊ ကြေးနန်း၊ အီးမေးလ်တို့ဖြင့် နှစ်သိမ့်အားပေးကူညီပေးကြသော ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကွယ်လွန်သူကျေးဇူးရှင်ဖခင်ကြီးအားရည်စူး၍ ၉–၈–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အမှတ် စီ–၇၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်နေအိမ်သို့ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဆရာဦးသိန်းထွန်း (ဒု/အင်ဂျင်နီယာမှူးကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၏ မိခင်ကြီး ဒေါ်အုန်း အသက်(၈၈)နှစ်သည် ၂–၈–၂၀၀၄ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သက်မောင်စန်း၊ ရန်နိုင်ဇော်၊ ပြည့်ဖြိုးဆယ်။

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်စိန် အသက်(၅၈)နှစ်

ပါမောက္ခ ဒဿနိကဗေဒဌာန မန္တလေးအဝေးသင်တက္ကသိုလ်မှ ဆရာဦးကျော်စိန်သည် ၂၆–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။ **ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ပါမောက္ခနှင့်ဒဿနိကဗေဒမိသားစု၊ရန်ကုန်တက္ကသိုလ်။**

လူပျောက်ကြော်ငြာ

မောင်အောင်မင်းထွန်း(ခ)အောင်သူရိန်ကျော် (အဖ) ဦးခင်မောင်ကျော်၏သားကြီးသည် ၁၅–၇–၂၀၀၄ရက်တွင် နေအိမ်မှနေ၍ ၃၂ လမ်းအသွား ယနေ့အထိ ပျောက်နေပါသည်။ ဖြားယောင်း သွေးဆောင် လက်ခံထားသူများအား ဥပဒေအရအရေးယူမည်။

ဖုန်း–၆၁၀၁၆၅။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ဗ/၂၁၈၇ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊(ရန်ကုန်တိုင်း)။**

ဆရာမိုး Follow Me
ယခုလဆန်းစမည်။
အင်္ဂလိပ်စာ ပညာဒါန
ဘာသာပြန်၊ ရေး၊ ဖတ်၊ ပြော တန်းခွဲ သစ်
တန်းခွဲတစ်ခုသာဖွင့်မည်ဖြစ်၍ အလျင်အမြန်အပ်နှံပါ။
အမှတ် ၁၅၄၊ ဒုထပ်၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ် ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ် လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခ များကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိ ရောက်ရောက်အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉

(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄

(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ခရစ်တော်၌အိပ်ပျော်ခြင်း
ပါမောက္ခ ဒေါက်တာစောသန်းထွန်းအောင်
ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
ဓာတ်မှန်ပညာဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ အမှတ် ၇/က နေ (ဦးစောဘမောင်–ဒေါ်နော်မေရီယံ)တို့၏သား၊ ဒေါ်နော်ဂဲထရုဖိုး၏ခင်ပွန်း၊ ဒေါက်တာစောရဲထွန်းအောင်–နော်သမိုင်းဖောတင်၊ စောဂီဒီယံထွန်းအောင်–နော်ခရစ္စတီနာ၊ စောကြည်လွင်အောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် စင်ကာပူနိုင်ငံတွင် ၅–၈–၂၀၀၄ရက် နံနက် ၃ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်း EMPA (2[nd] Batch)မှ ပညာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၏မိခင် ဒေါ်မြင့်မြင့် (၈၁)နှစ်သည် ၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်၊ဌာနမှူး၊ဆရာဆရာမများ၊သင်တန်းသားသင်တန်းသူများ။

လွမ်းဆွတ်သတိရခြင်း
ဦးစန်းကို
(သရက်မြို့)

ချစ်လှစွာသောမိသားစုကို ခွဲခွာခဲ့သည်မှာ ၆–၈–၂၀၀၄ရက်တွင် နှစ်နှစ်ပြည့်ခဲ့သော်လည်း နေ့စဉ်သတိရလွမ်းဆွတ်လျက်ပါ။ ဖေကြီးအတွက် ရည်စူးပြုသမျှကောင်းမှုကုသိုလ်အစုစုတို့ကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

သား – ဦးအောင်စံသူ B.Sc (Geology)
(ရွှေပြည်စုံ လေမှုတ်စက်ရောင်းဝယ်ရေး)၊
သမီး – ဒေါ်စိမ်းညိုညိုကို Ph.D,Candidate။

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်စိန် အသက်(၅၈)နှစ်

ပါမောက္ခ ဒဿနိကဗေဒဌာန မန္တလေးအဝေးသင်တက္ကသိုလ်မှ ဆရာဦးကျော်စိန်သည် ၂၆–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

၁၉၇၂ခုနှစ် ဒဿနိကဗေဒ ဘွဲ့ရသူငယ်ချင်းများ။

ဦးကျော်သောင်း(ခ) ဦးစာရေးကြီး
အသက်(၆၀)

မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့၊ ဉာဏ်တော်ရပ်နေ(ကျောင်းအုပ်ဆရာကြီး ဦးယောဟန် – ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေ)တို့၏သား၊ ရန်ကုန်တိုင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီး အရှေ့ရပ်ကွက်၊ ဗဟိုလမ်း၊အမှတ် ၁၈၈ နေ ဒေါ်သန်းသန်းဌေး၏ ခင်ပွန်း၊ ကိုသက်နိုင်–မမိုးမိုး၊ ကိုအောင်စိုးဦး–မငုဝါ၊ ကိုကျော်မျိုးမင်း(IFRC)–မခင်ဆွေဦး၊ ကိုမောင်မောင်–မအိအိခိုင်တို့၏ဖခင်သည် ၄–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ဆိပ်ကြီးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်စိန်စိန်မေ
(Nellie ဘချစ်)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အခန်း ၁၀၊ တိုက် ၂၀၆၊(၃)ရပ်ကွက်၊ ၁၂ လုံးတန်းနေ (ဦးဘချစ်–ဒေါ်အိ)တို့၏သမီးကြီး၊ ဒေါ်ရင်ရင်မေ(Gracie ဘချစ်)၏ အစ်မ၊ (ဦးသန်းထွန်း)၏ဇနီး၊ (ဦးသန်းအောင်)၊ ဦးထွေးမြင့်–ဒေါ်သဇင်အေး၊ (ဦးအောင်မြင့်သန်း)၊ (ဦးအောင်မြင့်ထွန်း)၊ (ဦးချမ်းသာ)၊ (ဦးမျိုးနိုင်ထွန်း) တို့၏မိခင်၊ တူ တူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၆–၈–၂၀၀၄ရက် နံနက် ၉:၁၅နာရီတွင် အနောက်ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်အောင်
မြို့နယ်အင်ဂျင်နီယာ
(ဆောက်လုပ်ရေး)
ကြာအင်းဆိပ်ကြီးမြို့နယ်
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ၁၂၊ ဥယျာဉ်လမ်း၊ ကျောက်မြောင်းနေ(ဦးစိုး–ဒေါ်ခင်ကြည်)တို့၏သား၊ ရေနံချောင်းမြို့နေ (ဦးစိုးသက် – ဒေါ်ရီရီ)တို့၏ သားသမက်၊ အမှတ် ၁၂ (သုံးလွှာ–ယာ)၊ ဥယျာဉ်လမ်း၊ကျောက်မြောင်းနေ ဒေါ်သက်ထားရီ၏ခင်ပွန်း၊ မောင်ဟိဏ်းထက်ဇော် (Final, BM)၊ မမြတ်ဒါလီအောင် (Final, Eco)၊ မမြတ်သီဂီဆွေ(First year, Law)တို့၏ဖခင်သည် ၅–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဟင်္သာတအသင်း
ဒေါ်ခင်မေကြည်
အသက်(၇၂)နှစ်

ဟင်္သာတမြို့၊ ရန်အောင်ရွှေဆိုင် (ဦးမောင်မြင့်–ဒေါ်တင်)တို့၏ သမီး၊ (ဒေါ်ခင်အေး–ဦးခင်ရွှေ)တို့၏ ညီမ၊ အမှတ် ၅၅၊ ရေကျော်အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးသက်လွင်၏ဇနီး ဒေါ်ခင်မေကြည် (ဟင်္သာတအသင်း၊ ရာသက်ပန်အသင်းဝင်)သည် ၅–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဗိုလ်ကြီးစိုးမင်းဦး (ငြိမ်း)
စတသ–၂၃
လ/ထ ညွှန်မှူး(ငြိမ်း)
မြန်မာ့တာယာနှင့်ရော်ဘာလုပ်ငန်း
(လေးမျက်နှာ)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆) ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ အမှတ် ၄၃၊ အောင်စန္ဒာလမ်းနေ ဦးသောင်း–ဒေါ်သိန်းအေးတို့၏သားကြီး၊ မအေးအေးသက်၊ မောင်အောင်ဇော်မင်းတို့၏ အစ်ကိုသည် ၅–၈–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၇–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှအေး(ခ)ဒေါ်လှလှအေး
ရွှေဘိုအသင်း၊ရာသက်ပန်အသင်းဝင်
ကြို့ကုန်းအနောက်သ/မ(ငြိမ်း)
အသက်(၅၈)နှစ်

တိုက်ကြီးမြို့နေ (ဦးရန်ရွှေ–ဒေါ်ခင်)တို့၏သမီး၊ အင်းစိန်မြို့နယ်၊နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်းနေ (ဦးသိမ်းမောင်) – ဒေါ်မြမြ(ခ)ဒေါ်ခင်မြတို့၏ သမီးချွေးမ၊ ဦးကျော်ညွန့်–(ဒေါ်တင်ရွှေ) တို့၏တူမ၊ ဦးသိန်းကြွယ်–ဒေါ်မြမူ(ခ) ဒေါ်မြလေးတို့၏အစ်မ၊အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ဆေးဝါးစက်ရုံလမ်းထိပ်နေ ဦးခင်မောင်ဇော်ဝင်း (ယခင် မြို့နယ် သ/မအသင်း၊ အင်းစိန်)၏ဇနီး၊ မမေဝင်းမော်(ဆသရ၊ ရုံးချုပ်)၊ မောင်ရဲအောင်ကျော်(ခ)လှိုင်ဝင်းထွန်း (အလုံသင်္ဘောကျင်း)၊ မမြတ်မွန်အေးတို့၏မိခင်သည် ၅–၈–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၈– ၂၀၀၄ရက်(စနေနေ့)ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
ဦးခင်သောင်း
(သစ်ဆန်းယဉ် မန္တလေးဖိနပ်ဆိုင်)
(မေနှင်း၊ လမင်းသာအထည်ဆိုင်)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အောင်သိဒ္ဓိ ရိပ်သာလမ်းသွယ်(၃)၊ ခြံအမှတ် ၁၂ နေ (ဒေါ်ငွေခင်)၏ခင်ပွန်း၊ ဦးချစ်ဆွေ–ဒေါ်ကျင်ရွှေတို့၏အစ်ကို၊ ဦးသိန်းမြင့်–ဒေါ်မြသင်း၊ ဦးထွန်းအောင်–ဒေါ်မြမြ၊ (ဦးမြင့်ဌေး)–ဒေါ်ခင်မိမိထွန်း၊ ဦးကျော်မြင့်–ဒေါ်ယုဝါ၊ ဒေါ်သန်းသန်းအေး၊ ဒေါ်တင်တင်ရှု–ဦးခင်မောင်မြင့်၊ ဒေါ်စန်းစန်းရီ၊ ဦးဝင်းကိုဦး–ဒေါ်ဥမ္မာအေးတို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၅–၈–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၈–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တိန်ရီပေါင်
အသက်(၈၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၁၁၉၊ ၃၉ လမ်း၊ အမှတ်(၈) ရပ်ကွက်နေ (ဦးဖောင်)၏ဇနီး၊ ဦးကြည်လင်–ဒေါ်သီတာဝင်း၊ ဦးလှဟန်–ဒေါ်ခင်ထွေးရီ၊ ဦးလှကြည်–ဒေါ်ခင်စန်းရီ၊ ဦးကောက်စိန်–ဒေါ်နီနီဦး၊ ဦးစိန်တင်ထူး–ဒေါ်သန္တာဝင်း၊ မောင်ကောက်ခရောင်၊ မောင်ကောက်ခွန်တို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၅–၈–၂၀၀၄ရက်(ကြာသပတေးနေ့) ည ၉:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၇–၈–၂၀၀၄ရက် (စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်လှဆင့်
ဗဟန်းဒေသန္တရ
ကျန်းမာရေးဦးစီးဌာန(ငြိမ်း)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၂၇ လမ်း၊ အမှတ် ၃၁၀ နေ (ဦးမောင်ဆင့်)–ဒေါ်မြမိုတို့၏သမီး၊ (ဦးစိန်ခင်–ဒေါ်သိန်းကြည်)တို့၏သမီးချွေးမ၊ဦးလှဦး၏ဇနီး၊ မောင်ဇော်မင်းထွဋ်–မမိုးမိုးသန့်၊ မောင်ကျော်ဝင်းသန့်၊ မောင်ဇော်မင်းနိုင်တို့၏မိခင်၊မြေးနှစ်ယောက်တို့၏အဘွားသည် ၅–၈–၂၀၀၄ရက် ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှအေး(ခ) ဒေါ်လှလှအေး
ကြို့ကုန်း သ/မအသင်း(ငြိမ်း)
ရွှေဘိုအသင်း ရာသက်ပန်အသင်းဝင်
တိုက်ကြီးမြို့နယ် ရာသက်ပန်အသင်းဝင်
အသက်(၅၈)နှစ်

တိုက်ကြီးမြို့နေ (ဦးရန်ရွှေ–ဒေါ်ခင်) တို့၏သမီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်းနေ (ဦးသိမ်းမောင်) – ဒေါ်ခင်မြ(ခ)ဒေါ်မြမြတို့၏ သမီးချွေးမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉)ရပ်ကွက်၊ ဘိုးဝဇီရလမ်းနေ ဦးသိမ်းကြွယ်(ပြည်သူ့ဘဏ်၊ငြိမ်း)–ဒေါ်မြမူတို့၏အစ်မ၊ နံ့သာကုန်းရပ်ကွက်နေ ဦးသိမ်းထွန်း – ဒေါ်ခင်ညိုဝင်း (ဆလရ)၊ ဦးဝင်းမြင့်(မမ)–ဒေါ်ခင်မာဆွေတို့၏ညီမ၊ ဒေါ်ခင်မာဝေ–ဦးတင်ဝင်း၊ ဒေါ်ခင်မာစိန် (ဆလရ၊ လမ်းမတော်)၊ ဒေါ်လွင်လွင်ဌေး–ဦးတင်ရွှေ၊ ဦးဝေလွင်မောင်–ဒေါ်သီတာ၊ ဦးကြည်နိုင်–ဒေါ်သင်းသင်းမာ၊ ဒေါ်ဇင်မာသိမ်း–ဦးဝင်းမြင့်၊ ဒေါ်ချိုလေးမာ၊ ဒေါ်ချိုထွေးမာ၊ မောင်ကျော်ဇေထိုက်(အောင်တံခွန်ဆန်၊ ဆီ ရောင်းဝယ်ရေး)တို့၏အစ်မ၊ ဦးခင်မောင်ဇော်ဝင်း၏ဇနီးသည် ၅–၈–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၈–၂၀၀၄ရက် (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သူရဲသမိန် သုမေ္မာမဟာနိကာယအကျိုးတော်ဆောင်
သူရဲသမိန်ရွာ မင်္ဂလာရာမပရိယတ္တိစာသင်တိုက်
ပဓာနနာယကဆရာတော်
ဘဒ္ဒန္တ ဥယျ
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ သူရဲသမိန်ရွာ၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တ ဥယျ အရှင်သူမြတ်သည် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက် (၄–၈–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂:၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဥတုဇရုပ်ကလာပ်ကို ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက် (၈–၈–၂၀၀၄ရက်) တနင်္ဂနွေနေ့တွင် စံကျောင်းချပူဇော်၍ ဝါခေါင်လဆန်း ၇ ရက် (၂၂–၈–၂၀၀၄ရက်) တနင်္ဂနွေနေ့တွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

သူရဲသမိန်ရွာ တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ရဟန်းဒါယကာကြီး
ဦးတင်မောင် (ဝက်ချောင်း)
အသက်(၇၆)နှစ်

(ဦးအောင်ညွန့်–ဒေါ်သိန်းတင်)တို့၏ သား၊ (ဦးကျင်လိန်–ဒေါ်မှီ)တို့၏ သားသမက်၊ တိုက် ၂၃၊ အခန်း ၂၊ အောင်ဇေယျရိပ်သာ၊အလုံမြို့နယ်နေ(ဒေါ်အေး)၏ခင်ပွန်း၊ (ဦးမြကြီး–ဒေါ်စိန်လှ)တို့၏ မောင်၊ (ဦးရွှေသီး)–ဒေါ်ခင်လေးတင့်၊ ဦးသန်းဦး–ဒေါ်ခင်မေစိန်၊ (ဦးအုန်းသိန်း)–ဒေါ်သန်းသန်းအေး၊ ဦးလှဝင်း–ဒေါ်စန်းမြိုင်(မြင့်မြတ်ဟိန်း Co., Ltd.)၊ ကိုဝင်းလှိုင် – (ဒေါ်မြင့်မြင့်ဝင်း)တို့၏ အစ်ကို၊ (ကိုတင်ဝင်း)၊ မသန်းနွဲ့၊ ဦးစိုးဝင်း (စိုးဝင်း အီလက်ထရွန်နစ်)–ဒေါ်မြင့်မြင့်အေး၊ မတူးတူးမာ၊ မဝါဝါထွန်းတို့၏ဖခင်၊ ကိုချစ်စု–မကြည်ကြည်မော်၊ မဌေးဌေးဝင်း၊ မဇင်မာခင်ညို၊ မမို့မို့ခင်ညို၊မောင်သန်းထိုက်အောင်(အထက–၄၊ အလုံ)တို့၏အဘိုး၊ မြစ်တစ်ယောက်၏အဘေးသည် ၅–၈–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်ကြည်(ခ)ဆန်နီ
မြန်မာ့မီးရထား(L.R.S၊ ငြိမ်း)
အသက်(၇၁)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၃နေ(ဦးကြည်–ဒေါ်ကြည်)တို့၏ သားကြီး၊ (ဦးအေးကျော်)–ဒေါ်ကျင်ညွန့်တို့၏သားသမက်၊ (ဦးအောင်ကြည်)–ဒေါ်အေးအေးကြည်၊ ဦးသန်းကြည်–ဒေါ်ရီတာ၊ ဦးဉာဏ်ကြည်–ဒေါ်လှလှကျော်၊ ဦးဝင်းကြည်–ဒေါ်မြသီ၊ ဦးလှကြည်–ဒေါ်လှလှမြင့်၊ ဦးလွင်ကြည်–ဒေါ်ချိုချိုတို့၏အစ်ကိုကြီး၊ ဒေါ်နုနုအေး (မြို့ပြ၊ မြန်မာ့မီးရထား၊ငြိမ်း)၏ခင်ပွန်း၊ ဗိုလ်ဇေယျာမင်း၊ မလင်းကေခိုင်(ပထမနှစ်၊ ဂုဏ်ထူးတန်း၊ I.R)တို့၏ဖခင်သည် ၆–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇–၈–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ခင်
နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန(ငြိမ်း)
ဒိုက်ဦးအသင်းဝင်
အသက်(၆၂)နှစ်

မော်ဘီမြို့နေ (ဦးအောင်ပဲ–ဒေါ်နော်နော်)တို့၏သား၊ (ဦးချစ်ဖေ–ဒေါ်လှရီ) တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊ တိုက် ၃၅၊ အခန်း ၂ နေ ဒေါ်အေးအေးဝင်း(ဆက်သွယ်ရေး၊ အော်တိုတယ်လီဖုန်း)၏ခင်ပွန်း၊ မောင်သန်းထွန်းအောင် (Gread Luck Co.,Ltd.) – မဝေဝေကျော်(Angle Rays)၊ မစိုးသန္တာကျော်(နယ်စပ် ကုန်သွယ်ရေးဦးစီးဌာန)၊ မခင်သူဇာကျော် (2nd. EC၊ သန်လျင် GTC)တို့၏ဖခင်၊ မဖူးပွင့်အောင်၏ အဘိုးသည် ၅–၈–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၁၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇–၈–၂၀၀၄ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

Mrs. Olive Pun
ဒေါ်အုန်းလှိုင်
အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ (Mr. Lee Woot Tong– Mrs. Wong Chot)တို့၏သမီး၊ လှိုင်သာယာမြို့နယ်၊ FMI City ၊ ရွှေသရဖီလမ်းမကြီး၊ အမှတ် H–(77/A) နေ (Mr. Yat Sun Pun)၏ဇနီး၊ Ms. Patricia Pun ၊ Mrs. Vivian Lim (ဦးစိန်ထွန်း)၊ Mrs. Suzanne Pun – ဦးဇော်မင်းသွင်၊ Mr.Martin Pun – Mrs. Adorn Pun၊ Mr. Serge Pun (ခ)ဦးသိမ်းဝေ၊ Mrs. Rosa Pun တို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၆–၈–၂၀၀၄ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀–၈–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၉:၃၀ နာရီတွင် St. Augustine Church ၊ အင်းလျားလမ်းတွင် ဝတ်ပြုဆုတောင်း အစီအစဉ်ပြုလုပ်ပြီး ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ (St. Augustine Church နှင့် FMI Centreမှ နံနက် ၁၁ နာရီနှင့် အမှတ် ၁၊ Finger Lake, FMI City မှ ကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စီ
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၊ ကျော်သူ ၂၅လမ်း၊(၉)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ (ဦးတင်မောင်)၏ ဇနီး၊ ဦးခင်မောင်မြင့်–ဒေါ်စန်းစန်းမြင့်၊ ဦးဇော်ဝင်း–ဒေါ်မိမိခိုင်(ဘဏ်ခွဲ–၁)၊ ဒေါ်သန်းသန်းဌေး(မြန်မာ့မီးရထားရုံးချုပ်)၊ ဦးမျိုးဇင် (Isuzu ကားစက်ရုံ)၊ ဦးညွန့်ဝင်း (အင်/ယာ၊ Asia Express Co., Ltd.)– ဒေါ်ခင်ဖြူဖြူ၊ မတင်တင်နွယ်၊ မသန်းသန်းအေး (Museum)တို့၏ မိခင်၊ မစုမြတ်စန္ဒီ(TTC ၊ ရန်ကင်း)၊ မောင်ဘုန်းသက်ခိုင်တို့၏အဘွားသည် ၆–၈–၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်သင်းကြည် (သန်လျင်)
အသက်(၆၉)နှစ်

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ ဘုရားလေးလမ်း၊ အမှတ် ၃၀ နေ (ဦးသန်းရွှေ–ဒေါ်မြရင်)တို့၏သမီး၊ ဦးလှသန်း (ကေသရာဇာကုန်စုံဆိုင်၊ မြို့မဈေး၊ သန်လျင်)၏ဇနီး၊ (ဦးဘသွင်)–ဒေါ်စုစု၊ ဗိုလ်မှူးမောင်အေး – ဒေါ်ဌေးဌေးတို့၏ ညီမ၊ ဦးမောင်သိန်း၊ ဦးတင်မြင့်–ဒေါ်စိန်စိန်တို့၏အစ်မ၊ကိုအောင်ကျော်–မအေးအေးတင့်၊ ဦးနေဌေးအောင်–ဒေါ်နွယ်နွယ်သန်း(ထော်ဝက် အမက)၊ ကိုဇော်မင်းသန်း–မထွေးထွေး၊ မခင်ခင်သန်းတို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၆–၈–၂၀၀ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၈–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ သန်လျင်ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

7-8 (19).p65 1 03/24/1905, 8:58 PM

ပြည်နယ်နှင့်တိုင်းအတွင်းရှိတိုင်းရင်းသားပြည်သူများလူနေမှုမြင့်မားစေရေးစီမံဆောင်ရွက်ပေး တိုင်းရင်းသားလူမျိုးများပွံ့ဖြိုးတိုးတက်မှု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ခိုင်မြဲမည် ပြည်သူများနိုင်ငံတော်၏အမျိုးသားရေးမူဝါဒလမ်းစဉ်နှင့်အညီ ညီညီညွတ်ညွတ်ပေါင်းစည်းနေထိုင် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအမျိုးသားစီးပွားရေးဘဝခိုင်မာရေးကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ပခုက္ကူခရိုင် ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရဟတ်ယာဉ်များဖြင့် ပေါက်မြို့မှ ထွက်ခွာကြရာ မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ပခုက္ကူမြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ရေဝတီအနောက်ခြမ်းမြို့တော်အဖြစ် ပခုက္ကူမြို့ကိုသတ်မှတ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ ဆောင်ရွက်လျက်ရှိ

✻ နိုင်ငံတော်အကြီးအကဲက ပခုက္ကူမြို့ကို ရေဝတီအနောက် ဘက်ခြမ်း မြို့တော်အဖြစ်သတ်မှတ်ပြီး မြို့တော်အင်္ဂါရပ်များနှင့် အညီ ဖြစ်ထွန်းရေး ပံ့ပိုးစီမံဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထား။

✻ ပခုက္ကူဒေသသည် ဝါစိုက်ပျိုးထွက်ရှိသည့် ဒေသဖြစ်၍ ချည်မျှင်နှင့် အထည်စက်ရုံကြီးကို တည်ဆောက်ပေးလျက်ရှိရာ မကြာမီ ဖွင့်လှစ်ပေးနိုင်တော့မည်။

✻ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် လေယာဉ်ကြီးများဆင်းနိုင်မည့် ပခုက္ကူ လေယာဉ်ကွင်းသစ်ကြီးကို မကြာမီ ဖွင့်လှစ်နိုင်တော့မည့် အခြေအနေသို့ ရောက်ရှိနေပြီ။

✻ မကွေးတိုင်းနှင့် ချင်းပြည်နယ် တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုး တိုးတက်စေရန် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန် စေမည့်အစီအမံများ ဆောင်ရွက်လျက်ရှိ။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၄ ရက်က ပခုက္ကူမြို့ လေဆိပ်ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေပြည်သာစက်မှုဇုန်စစ်ဆေး ပုဂ္ဂလိကလုပ်ငန်းရှင်များ၏တီထွင်ကြံဆမှု အားပေးစကားပြောကြား

ရန်ကုန် ဩဂုတ် ၆

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွှေပြည်သာ စက်မှုဇုန်(၃)ရှိ Fair Sun Co., Ltd.၏ လုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

‘မို’များထုတ်လုပ်မည်

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား Fair Sun Co., Ltd. မန်နေဂျင်းဒါရိုက်တာဒေါက်တာဖေခင်က ကုမ္ပဏီ၏ဖွဲ့စည်းပုံကို ပဏာမရှင်းလင်းတင်ပြပြီး မိမိတို့ကုမ္ပဏီအနေဖြင့် မော်တော်ယာဉ်အပိုပစ္စည်းများကို ထုတ်လုပ်နိုင်ရန် စက်ပစ္စည်းများတပ်ဆင်ထားရှိပါကြောင်း၊ စက်ပစ္စည်းကိရိယာများအပြင် လိုအပ်သည့် ‘မို’များ၊ ဆက်စပ်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးသွားမည် ဖြစ်ပါကြောင်း။

စာမျက်နှာ ၆ ကော်လံ ၅ ☆

7-8 (20).p65 1 03/24/1905, 8:58 PM